ဒီကာကွယ်ဆေးထိုးလို့မရပါဘူး။ သူက ကာကွယ်လို့မရတော့ဘူး။ သူက ပြန်နေပြီ။ ခွေးရူးပြန်နေပြီဆိုရင်တော့ ကျွန်တော်တို့က Immune Globulin ထိုးရပါတယ်ခင်ဗျ။ အဲဒါကလည်း (၃)၊ (၄) သိန်းတန်ကျတယ်။ ဒါပေမဲ့ Immune Globulin ထိုးတဲ့ဟာတောင်မှ ဒါ မသေချာပါဘူး။

နောက် ဘာခွေးကိုက်မှန်းမသိတဲ့အချိန်တွေမှာ ဆေးထိုးတဲ့အခါ ကျွန်တော်တို့က ကာကွယ်ဆေးထိုးလို့ရပေမယ့် ခွေးရူးမှန်းသိရင်တော့ ကာကွယ်ဆေးတစ်ခုတည်းနဲ့ မလုံလောက်ဘဲနဲ့ ကုသတဲ့ ခုန Immune Globulin ကိုပါ ကျွန်တော်တို့ ထိုးရတာဖြစ်ပါတယ်။ နောက်အရေးကြီးတဲ့ အချက်တစ်ခုက ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်လုပ်ဆောင်သွားမယ့်အချက်ကတော့ ဒီခုနထုတ်နေတဲ့ (၁၆၀၀၀) ကျော်၊ (၁၇၀၀၀) ကျော် ခွေးရူးကာကွယ်ဆေးတွေသည် ကျွန်တော်တို့ Nerve Tissue Vaccine လို့ ခေါ်ပါတယ်။ သိုးရဲ့ဦးနှောက်ကို အခြေခံပြီးတော့ ထုတ်ထားတဲ့ Vaccine ဖြစ်ပါတယ်။

အခုအချိန်မှာ သိုးဦးနှောက်ကို အခြေခံပြီးတော့ ထုတ်တဲ့ဆေးထက်ကို ပိုမိုအာနိသင်ထက်မြက်ပြီးတော့ ပိုမိုဘေးအန္တရာယ်ကင်းတဲ့ Cell Culture Vaccine ဆိုတာတွေ ပေါ်နေပြီးဖြစ်ပါတယ်။ CCV လို့ ခေါ်ပါတယ်။ ဒီတဖြည်းဖြည်းနဲ့ ကျွန်တော်တို့က ဒီသိုးရဲ့ဦးနှောက်ကို အခြေခံပြီးထုတ်တဲ့ဆေးက သူကိုယ်တိုင်ကကို ဦးနှောက်အာရုံကြောရောဂါကို ဖြစ်စေနိုင်တယ်။ ရာခိုင်နှုန်းတော့ နည်းတယ်ပေါ့လေ။ ဖြစ်စေနိုင်တာရှိတဲ့အတွက်ကြောင့်မို့လို့ တဖြည်းဖြည်း၊ တဖြည်းဖြည်းနဲ့ Phase Out လုပ်သွားပြီးတော့ ကျွန်တော်တို့ဟာ Cell Culture Vaccine လို့ ခေါ်တဲ့ ဒီကြက်ကနေ၊ ဘဲကနေ PDEV တို့၊ PCEC တို့ အတိုခေါ်တဲ့ဟာတွေ ရှိပါတယ်။ ဒီကြက်ရဲ့သန္ဓေကနေ၊ ဘဲရဲ့သန္ဓေကနေ ထုတ်တဲ့ ဒီဆေးတွေဟာ ကျယ်ကျယ်ပြန့်ပြန့် သုံးလာပြီဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့အရှေ့ဘက်ပိုင်းမှာ ကျွန်တော်တို့ အပါအဝင် (၂) နိုင်ငံလောက်ပဲ Sheep Brain ကနေထုတ်တဲ့ Vaccine ကို သုံးနေတယ်။ ကျန်တဲ့နိုင်ငံတွေဟာ ခုန Cell Culture Vaccine ပြောင်းလဲအသုံးချနေပြီ၊ အသုံးပြုနေကြပြီဖြစ်တဲ့အတွက် ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့လည်း မကြာမတင်သောကာလတွေမှာ စီမံချက်ချပြီးတော့ တဖြည်းဖြည်းနဲ့ Sheep Brain ကို Phase Out လုပ်သွားပြီးတော့ Cell Culture Vaccine တွေကို ထုတ်လုပ်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်တဲ့အကြောင်း အဲဒီအချိန်အခါကျတော့ရှိရင်တော့ ကျွန်တော်တို့ ပြည်သူလူထုအနေနဲ့လည်း ပါဝင်ဆောင်ရွက်ဖို့ လိုပါတယ်။

ကျွန်တော်တို့က အခုအချိန်မှာ ခွေးအားလုံးကို ကာကွယ်ဆေးထိုးပြီးတော့ အမေရိကန်မှာလို အိမ်ခွေးအားလုံးကို ကာကွယ်ဆေးထိုးလိုက်တော့ အမေရိကားမှာ အခုအချိန်မှာ ခွေးကနေ ကူးစက်တာ သိပ်မရှိတော့ဘဲနဲ့ အဲဒီ Vampire Bats တွေပေါ့နော်။ လင်းနို့တွေက ကူးတာတွေဟာ အများဆုံးဖြစ်နေတယ်။ ကြောင်ကလည်း ဒီလိုပဲ ကြောင်ကုတ်ရင်လည်းဖြစ်ပါတယ်။ ကျွန်တော်တို့ငယ်ငယ်တုန်းက ကြည့်ရတဲ့ Rabies ဆိုတဲ့ ရုပ်ရှင်ထဲမှာဆိုလို့ရှိရင် ဒါဟာ ကြောင်ကုတ်ပြီးတော့ ဖြစ်သွားတဲ့ကိစ္စဖြစ်ပါတယ်။ ဆိုတော့ အဲဒီတော့ အားလုံးကို ထိုးဖို့နေနေသာသာ အခုအချိန်မှာတော့ ကာကွယ်ဆေးမထိုးနိုင်သေးတဲ့အတွက် ကျွန်တော်တို့ဟာ ခွေးလေ၊ ခွေးလွင့်တွေကို ရှင်းလင်းသုတ်သင်ခြင်းဟာ ခွေးရူးရောဂါကို ကာကွယ်တဲ့နည်းလမ်းတစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများက အင်မတန် ကြင်နာသနားတတ်တဲ့အတွက် စည်ပင်က အမဲတုံးပစ်တော့မယ်ပေ့ဆိုရင် ခွေးတွေကို ဘုန်းကြီးကျောင်းထဲ သွားဖွက်ပါတယ်။ ဘုန်းကြီးကျောင်းထဲ သွားဖွက်တဲ့အတွက်ကြောင့်မို့လို့ ခွေးများ အသက်ရှင်ပါတယ်။

ဒါပေမဲ့ ဒီအသက်ရှင်တဲ့ခွေးတွေက သေသေချာချာ စနစ်တကျနဲ့ ကာကွယ်ဆေးထိုးပြီးတော့ စောင့်ကြည့်နေတဲ့ခွေးတွေမဟုတ်တဲ့အတွက် သူတို့က တစ်ခါ ခွေးရူးပြန်ပြီးကိုက်လို့ လူတွေ ကိုယ့်ရှေ့မှာ လူတစ်ယောက် ခွေးရူးပြန်ပြီးသေသွားတာကို မတွေ့လိုက်ရဘူးတဲ့ လူတော်တော်များများသည် ခွေးများကို ကယ်တင်ချင်စိတ်ရှိနေပြီးတော့ လူများကို ကယ်တင်လိုစိတ်မရှိ၊ ဗဟုသုတနည်းတဲ့သဘော ဖြစ်နေပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့က လွှတ်တော်ကိုယ်စားလှယ်ကြီးများရော၊ ကျွန်တော်တို့ ကျန်းမာရေးဌာန အပါအဝင် လူထုလူတန်းစားအဖွဲ့အစည်းတွေ၊ လူမှုရေးအဖွဲ့အစည်းတွေအားလုံးဟာ ခွေးရူးပညာပေးလုပ်ငန်းကိုလည်း ဒီထက်မက ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သွားပြီးတော့ ဒီအထူးသဖြင့် ကလေးတွေ၊ ဒီအသားတွေ ကိုင်တွယ်တဲ့ပုဂ္ဂိုလ်တွေ၊ တိရစ္ဆာန်တွေ မွေးရတဲ့ပုဂ္ဂိုလ်တွေမှာ ကျွန်တော်တို့က မဖြစ်ခင်ကာကွယ်တဲ့ဆေးထိုးလို့ရတယ်။ ဒါတွေကို ကျယ်ကျယ်ပြန့်ပြန့်ပညာပေးပြီး ထိုးသွားကြရမှာဖြစ်ပါတယ်။ ဒီလောက်နဲ့ပဲ ကျွန်တော်ရဲ့ပထမအဖြေကို နိဂုံးချုပ်ခွင့်ပြုပါခင်ဗျား။

ဒုတိယမေးခွန်းကတော့ ကျွန်တော်တို့ ချင်းပြည်နယ်အမှတ် (၈) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဟာရှိန်းဘွေက မေးတဲ့ ဝေးလံသီခေါင်ပြီးတော့ သွားရေးလာရေးခက်ခဲတဲ့ ဒေသကနေဆရာဝန်ဘွဲ့ရရှိပြီးတော့ ဆမရထားတဲ့သူ ဒေသခံလူငယ်များ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အခုကတော့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ပေါ့လေ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ခေါ်ယူစစ်ဆေးတဲ့ စာမေးပွဲမှာ အကြိမ်ကြိမ်ဖြေဆိုပေမယ့် ရွေးချယ်ခြင်းမခံရဘဲနဲ့ နိုင်ငံတော်ရဲ့ ဝေးလံခက်ခဲတဲ့ဒေသမှာရှိတဲ့ တိုင်းရင်းသားပြည်သူများရဲ့ ကျန်းမာရေးစောင့်ရှောက်မှု အခက်ကြုံနေရသည်ကို ဘယ်လိုဖြေရှင်းပေးမလဲဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

ဒီပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နည်းဥပဒေပုဒ်မ ၇ (က) မှာ ဝန်ထမ်းအဖွဲ့အစည်းအသီးသီးမှာပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ထားရာထူးနေရာ လစ်လပ်မှုရှိသည့်အပြင် ပြင်ပပုဂ္ဂိုလ်ကို ခန့်ချင်ရင်အဖွဲ့ကသာ ရွေးချယ်ခန့်ထားပေးရမယ်။ ပုဒ်မ ၈ မှာလည်း ဝန်ထမ်းအဖွဲ့အစည်းများသည် လစ်လပ်သောပြန်တမ်းဝင်အရာရှိအဆင့် စတင်ရာထူးခန့်ထားနေရာများတွင် ပြင်ပပုဂ္ဂိုလ်အား ခန့်အပ်လိုပါက ရွေးချယ်ပေးရမယ့် အရေအတွက်၊ သတ်မှတ်ချက်များ ဖော်ပြ၍ ရွေးချယ်ပေးရန် အဖွဲ့သို့ အဆိုပြုရမည်လို့ သတ်မှတ်ထားတဲ့အတွက် ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ရော၊ အခြားဝန်ကြီးဌာနများအနေနဲ့ရော ပြန်တမ်းဝင်အရာရှိကာကွယ်ရေးဝန်ကြီးဌာနကလွဲလို့ပေါ့။ ပြန်တမ်းဝင်အရာရှိအဆင့် ခန့်တဲ့အခါမှာ ရာထူးဝန်အဖွဲ့ကို တင်ပြပြီးတော့မှ ကျွန်တော်တို့ ခန့်အပ်နေရတာဖြစ်ပါတယ်။

တစ်ချိန်တစ်ခါတုန်းကတော့ ကျွန်တော်တို့က ဖွဲ့စည်းပုံကို ကျွန်တော်တို့ ဒီ ၁၉၈၈ နောက်ပိုင်းမှာဖွဲ့စည်းပုံတွေ တအားတိုးချဲ့လိုက်တဲ့အခါမှာ ဆရာဝန်လိုအပ်ချက် တအားများလာတဲ့အတွက်ကြောင့်မို့လို့မဝင်မနေရ အနည်းဆုံး (၃) နှစ် လုပ်ရမယ်ဆိုတဲ့ အခြေအနေတွေ ပေါ်ပေါက်လာပြီးတော့ အောင်သမျှအားလုံးကို ကျွန်တော်တို့ အလုပ်ခန့်နိုင်တဲ့ခေတ်မှာ Batch the Best က အောင်တဲ့သူအားလုံးကို ခန့်တဲ့အတွက် ရာထူးဝန်အဖွဲ့မှာ စာမေးပွဲသွားမဖြေဘဲနဲ့ ရာထူးဝန်အဖွဲ့နဲ့ ညှိနှိုင်းပြီးတော့ အဲဒီကနေ Form တွေကို ယူပြီးတော့ ကျန်းမာရေးဝန်ကြီးဌာနမှာ ဖြည့်ပြီးတော့၊ အားလုံးကို ရွေးလိုက်ပြီးတော့ ဒီ Form တွေကို ရာထူးဝန်အဖွဲ့ကို ပေးလိုက်တဲ့အခါမှာ ရာထူးဝန်အဖွဲ့က အားလုံးကို အတည်ပြုခန့်အပ်လိုက်ပါတယ်။ ကျွန်တော်တို့က အဲဒီအချိန်မှာ ကျန်းမာရေးဝန်ကြီးဌာနက တိုက်ရိုက်ခန့်အပ်တာမဟုတ်ဘဲနဲ့ ကျန်းမာရေးဝန်ကြီးဌာနက ရာထူးဝန်အဖွဲ့ရဲ့ကိုယ်စား တစ်တန်းလုံးကို တစ် Batch လုံးကို ခန့်မှာဖြစ်တဲ့အတွက် ကျွန်တော်တို့က Form တွေ ယူဖြည့်၊ တာဝန်ယူဖြည့်ခိုင်းလိုက်ပြီး ပေးလိုက်ပါတယ်။

တကယ်ကတော့ ပြန်တမ်းဝင်အရာရှိအဆင့်သည် ရာထူးဝန်အဖွဲ့ကပဲ ခန့်ရမယ်ဆိုတာ ဥပဒေနဲ့ပြဋ္ဌာန်းထားပြီးသားဖြစ်ပါတယ်။ အဲဒီတော့ ဒီအရင် (၃၊ ၄) နှစ်က အဲဒီလိုလုပ်ခဲ့ပေမယ့် ၂၀၀၉ ခုနှစ်မှာဖွဲ့စည်းပုံချဲ့လိုက်တာတွေက တဖြည်းဖြည်း Securited ဖြစ်လာတဲ့အတွက် Batch တစ်ခုလုံးကို ခန့်အပ်နိုင်ခြင်း ကျွန်တော်တို့ မရှိတော့ပါဘူး။ အောင်တဲ့လူအားလုံးကို ခန့်အပ်နိုင်ခြင်းမရှိတော့တဲ့အတွက်ကြောင့်မို့လို့ ရာထူးဝန်အဖွဲ့ကို တင်ပြပြီးတော့ ကျွန်တော်တို့ဘတ်ဂျက်ခွင့်ပြုချက်အရ ခန့်အပ်နိုင်မယ့်အနေအထားတွေကို တင်ပြပြီးတော့ ကျွန်တော်တို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့က စစ်ဆေးတဲ့စာမေးပွဲမှာ ရွေးချယ်ခံရတဲ့လူတွေကိုပဲ ကျွန်တော်တို့က ခန့်အပ်လာကြရတာဖြစ်ပါတယ်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေနဲ့လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၃၅၂ မှာ နိုင်ငံတော်သည် အလုပ်အကိုင်ခန့်ထားရာတွင်ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းရွေးချယ်တာဝန်ပေးရာတွင်ဖြစ်စေ သတ်မှတ်သော အရည်အချင်းနှင့်ပြည့်စုံပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာ ဘာသာ၊ သာသနာ၊ အမျိုးသား၊ အမျိုးသမီးကို အကြောင်းပြုလျက် ရာထူးရွေးချယ်ခန့်ထားခြင်းကို ခွဲခြားမှုမပြုရဆိုတဲ့ ဒီ Discriminate မလုပ်ဖို့ ပြဋ္ဌာန်းထားနဲ့အညီ ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေနဲ့လည်း တရားမျှတအောင် စစ်ဆေးရွေးချယ်မှုများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အဲဒီတော့ ရေးဖြေအောင်မြင်သူများကို နှုတ်ဖြေစစ်တဲ့အခါမှာ ဝေးလံတဲ့ ပြည်နယ်ဒေသတို့က လာရောက်ဖြေဆိုတဲ့လူတွေကိုလည်း အတတ်နိုင်ဆုံး သက်ညှာစွာ စစ်ဆေးရွေးချယ်ပေးလျက်ရှိပါတယ်။ စစ်ဆေးရွေးချယ်ပေးလျက်ရှိတဲ့အခါမှာ မနှစ်က ကျွန်တော်တို့ (၅၀၀) ခန့် ပါတယ်။ ဒီနှစ်က (၁၅၀၀) ခန့် ပါတယ်။ ယခုအခါမှာ ဝန်ထမ်း ၂/၃ ဆိုတဲ့မူကိုလည်း ကျန်းမာရေးဝန်ကြီးဌာနအတွက်ကို အစိုးရအဖွဲ့ကနေ ပယ်ဖျက်ပေးပြီးဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ လိုအပ်တဲ့ဝန်ထမ်းတွေကို လိုအပ်သလောက်ကို ခန့်ထားနိုင်ဖို့ ကျွန်တော်တို့ လုပ်ပါတယ်။ မနှစ်ကစပြီးတော့ ၂၀၁၂-၂၀၁၃ ဘတ်ဂျက်က ရတယ်။ ရတဲ့အခါမှာ ကျွန်တော်တို့ဆီမှာ အဲဒီရတဲ့အချိန်ကျတော့မှ (၁၅၀၀) ကို စခန့်ဖို့ ကျွန်တော်တို့ လုပ်ရတယ်။ လုပ်တဲ့အခါမှာ လူ (၃၀၀၀) လောက် ဝင်ဖြေတယ်။ ဝင်ဖြေပြီးတော့ အခု Viva ကို (၁၉၀၀) ကျော် ပါတယ်။ (၁၉၀၀) ကို Viva မေးဖို့ဆိုတာ အင်မတန်ကြာတဲ့အရာဖြစ်ပါတယ်။ ရာထူးဝန်အဖွဲ့မှာလည်း မေးနိုင်တဲ့မေးဖို့က အဖွဲ့ဝင် (၅) ယောက်ပဲရှိတဲ့အတွက် ဒီ (၅) ယောက်နဲ့သာ ကျွန်တော်တို့က စစ်ရင် တစ်နေ့မှာ တစ်ယောက်ကို (၁၅) ယောက်ထက်ပိုပြီးတော့ မမေးနိုင်တဲ့အတွက် ရက်တွေက သိပ်ကြာတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့က ကျန်းမာရေးဝန်ကြီးဌာနရဲ့ ညွှန်ချုပ်နဲ့ ဒုညွှန်ချုပ်အဆင့်ရှိတဲ့ ဟိုဘက်မှာလည်း သင်ကြားရေးဘက်ကပြောရင်တော့ ပါမောက္ခချုပ်နဲ့ ဒုတိယပါမောက္ခချုပ်အဆင့်ရှိတဲ့ ပုဂ္ဂိုလ်များကို အလှည့်ကျ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ရာထူးဝန်အဖွဲ့တွေနဲ့ တွဲဖက်ပြီးတော့ လူတွေ့မှာ ရေးဖြေကတော့ ရာထူးဝန်အဖွဲ့ကပဲ စစ်တာဖြစ်ပါတယ်။ နှုတ်ဖြေကိုကျတော့ ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာန ပညာရှင်များပါ ပူးပေါင်းပြီးတော့ မေးကြပါတယ်။ အဲဒါကြောင့်မို့လို့ သတ်မှတ်အရည်အချင်းပြည့်မီပြီးတော့ ကျွန်တော်တို့ ဆေးတက္ကသိုလ်တွေကနေပြီးတော့ ကျွန်တော်တို့ Final Part 2 ပေါ့။ စာမေးပွဲလည်း အောင်တယ်။ အလုပ်သင်ဆရာဝန်ကိုလည်း ပြီးမြောက်တဲ့လူတွေကို MBBS ဘွဲ့ ပေးပြီးတော့ ကျွန်တော်တို့အရင်တုန်းကလို (၃) နှစ်တာဝန်ထမ်းဆောင်ပြီးမှတို့ အမြဲတမ်းတာဝန်ထမ်းဆောင်မှ ဆမပေးတာမဟုတ်ဘဲနဲ့ ကျွန်တော်တို့က အခုချိန်မှာ အောင်တဲ့လူတွေကို ဆမသင်တန်းလွှတ်ပြီး ချက်ချင်းဆမထုတ်ပေးနေပြီဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီဒုတိယအချက်ကိုပြောရရင် ဒီမိုကရေစီကျင့်စဉ်များအရကတော့ ယှဉ်ပြိုင်အရွေးခံရမှာပဲ ဖြစ်ပါတယ်။ အရေအတွက်အစား အရည်အချင်းကို ဦးစားပေးရမယ်။ အခုအချိန်မှာ Quality Drive ကို လုပ်ရမယ်လို့ တစ်ဖက်က ပြောလာတဲ့အချိန်မှာ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းရမယ်လို့ ပြောလာတဲ့အချိန်မှာ သတ်မှတ်အရည်အချင်းပြည့်မီရေးအတွက် ယှဉ်ပြိုင်အရွေးခံရသူများမှာ ကိုယ့်ကိုယ်ကို ဖြည့်ဆည်းလေ့ကျင့်ဖို့ တာဝန်ရှိပါတယ်။ အရည်အသွေး၊ အရည်အချင်းမပြည့်မီသူတစ်ဦးတစ်ယောက်ကို စိစစ်ခြင်းမရှိဘဲနဲ့ တိုက်ရိုက်ခန့်ထားလိုက်လို့ရှိရင် ဒေသခံလူထုရဲ့ကျန်းမာရေး၊ အသက်အန္တရာယ်တစ်စုံတစ်ခု ပေါ်ပေါက်လာပါက ပေါ်ပေါက်လာမယ်ဆိုရင် ဘယ်သူက တာဝန်ခံမှာလဲ၊ ဘယ်သူက တာဝန်ယူမှာလဲ၊ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ နစ်နာသူဖြစ်တဲ့ ဒေသခံလူထု လက်ခံနိုင်အောင် ဖြေရှင်းပေးဖို့ အခက်အခဲရှိနေမယ်ဖြစ်ပါတယ်။

အဲဒီတော့ ဒီအခုအချိန်မှာတော့ ဒေသခံလူထုအတွက် ကျန်းမာရေးဆိုင်ရာလုံခြုံမှုနဲ့ပတ်သက်ပြီးတော့ အားနည်းချက် အနည်းဆုံးဖြစ်အောင် ကျွန်တော် ပြောတာက ဘယ် System မှ Perfect မဖြစ်ပါဘူး။

အားနည်းချက် အနည်းဆုံးဖြစ်အောင် အခုအချိန်မှာ ကျွန်တော်တို့ စဉ်းစားနေပါတယ်။ ကျွန်တော်တို့ အချိန်ကုန်၊ ငွေကုန်၊ အပင်ပန်းခံပြီးတော့လည်း လုပ်ပေးနေပါတယ်။ အဲဒီတော့ ကိုယ်စားလှယ်တော်ကြီး ပြောသလို အခုအချိန်မှာ ရှားရှားပါးပါး ဆမရပြီးသား ဆရာဝန်လေးတွေ လုပ်ချင်လာကြတယ်။ ကိုယ့်တိုင်းပြည်မှာ ကိုယ် တာဝန်ထမ်းဆောင်လာကြတာ ကျွန်တော်တို့အနေနဲ့ အများကြီးဝမ်းသာပါတယ်။

ကျွန်တော်တို့ ဆရာဝန်ဘဝတုန်းကတော့ ကျွန်တော်တို့ သူငယ်ချင်းတွေ အကုန်ဆရာဝန်ဖြစ်ရင် အမေရိကား သွားတာပဲ။ ချင်းတောင်က ဆရာဝန်ဖြစ်ပြီဆိုရင် အခုအချိန်မှာ နိုင်ငံရဲ့အခြေအနေလည်း ပြောင်းလဲလာပြီဖြစ်တဲ့အတွက် ချင်းပြည်နယ်မှ ချင်းအမျိုးသားဆရာဝန်များသည် ကိုယ့်ပြည်နယ်ကိုယ် အကျိုးပြုချင်တယ်ဆိုတာ ကျွန်တော့်အနေနဲ့ အများကြီးပဲ ဝမ်းသာကြိုဆိုပါတယ်။ နောက်တစ်ခုရှိတာက ဘယ်နိုင်ငံမှာမဆို ဆေးတက္ကသိုလ်ကအောင်တဲ့ ဆရာဝန်တိုင်းကို ဘယ်အစိုးရမှ ရာနှုန်းပြည့် အလုပ်မခန့်နိုင်ပါဘူးခင်ဗျ။ Private Sector ဆိုတာ ရှိပါတယ်။ International NGO တွေ Run လုပ်နေတဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းမှာလည်း ရှိပါတယ်။

အဲဒီတော့ ကျွန်တော်တို့နိုင်ငံမှာလည်း ကျွန်တော်တို့ အပြင်ဆေးခန်းတွေ၊ အပြင်ဆေးရုံတွေရှိသလို INGO၊ NGO တွေ တာဝန်ယူဆောင်ရွက်နေတဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများလည်း ရှိပါတယ်။ ဒါကြောင့်မို့လို့ အစိုးရရဲ့အလုပ်ကို ကြိုးစားပြီးဖြေနေတုန်းမှာ တကယ် ကိုယ့်ဒေသခံပြည်သူလူထုရဲ့အကျိုးကို ဆောင်ချင်တယ်ဆိုရင် General Practitioner ပဲဖြစ်ဖြစ် GP တစ်ယောက်သည်လည်း စိတ်ကောင်းစေတနာကောင်းထားပြီးတော့ ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ ပြည်သူလူထုရဲ့ ကိုယ့်ပတ်ဝန်းကျင်၊ ကိုယ့် Community၊ ကိုယ့် Society ကိုယ့်ဒေသလူထုအကျိုးဆောင်မယ်ဆိုရင် ဒါဟာ ဖြစ်ပါတယ်။

ကျွန်တော်တို့ငယ်ငယ်တုန်းက ကျွန်တော်တို့ အတန်းတွေတုန်းက (၃) နှစ် တစ်ခါခေါ်တာတောင် လူ (၅၀) ပဲခန့်တဲ့ခေတ်က ဖြစ်ပါတယ်။ အများစုကြီးသည် ကိုယ့်ဒေသမှာကိုယ် ဒီပြင်ပဆရာဝန်တွေအနေနဲ့ ဒေသရဲ့အကျိုးကို ဆောင်ရွက်ပြီးတော့ အခုအချိန်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တွေဖြစ်နေတဲ့သူတွေလည်း ရှိပါတယ်။ ဒါ တစ်ချိန်တုန်းကလည်း ကျွန်တော်တို့ မခန့်နိုင်ပါဘူး။ အခုအချိန်မှာတော့ တတ်နိုင်သလောက် ပြည်သူလူထုရဲ့လိုအပ်ချက်ကို ပြည့်စုံအောင် ကျွန်တော်တို့ ခန့်သွားပေးဖို့ပဲ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကိုယ်စားလှယ်တော်ကြီးရဲ့မေးခွန်းကို လာမယ့်ဘတ်ဂျက်မှာဖြင့် ဘယ်လိုဖြေရှင်းမလဲ ဆိုတဲ့ ကျွန်တော်တို့တွေသည် အရင်တုန်းက Backlog ရှိပါတယ်။ (၃) နှစ်မှာ တစ်ခါလောက်ခန့်တာ၊ အခု ကျွန်တော် မနှစ်က (၅၀၀) ခန့်တယ်၊ ဒီနှစ် (၁၅၀၀) ခန့်တယ်။ လာမယ့် (၂) နှစ်၊ (၃) နှစ်အတွင်းမှာ ကျွန်တော်တို့က Backlog မကျန်အောင်ပေါ့။ အခု အောင်ပြီးတဲ့သူကို မကြာမတင်အတွင်းမှာ ခန့်နိုင်အောင် ကျွန်တော်တို့ လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ တစ်ဖက်ကလည်း ကျွန်တော်တို့က (၂၀၀၀) ကျော် ထုတ်နေတယ်။

ဒါနဲ့ဆက်စပ်ပြီးပြောရရင် ပြောကြတာတွေရှိပါတယ်။ ခန့်လည်း မခန့်နိုင်ဘဲနဲ့ ဒီလောက် အများကြီး ထုတ်လဲ ဘာညာပေါ့။ ကျောင်းသားနဲ့ဆရာဝန်နဲ့ ကျောင်းနဲ့မမျှဘူးတို့၊ ဆရာနဲ့ကျောင်းသားနဲ့ မမျှဘူးတို့၊ လျှော့ပါဆို လတ်တလောအစီအစဉ်အနေနဲ့ (၁၂၀၀) ကို လျှော့ပြီးတော့ လက်ခံပါတယ်။ ဒါသည် ရေရှည်တော့ မဟုတ်ပါဘူးခင်ဗျ။ ဘာဖြစ်လို့လဲဆို ကျွန်တော်တို့နိုင်ငံတွေမှာ အာဆီယံတွေရဲ့ ဆရာဝန်၊ လူနာ Ratio မျှအောင် ကျွန်တော်တို့ပြည်သူလူထုနဲ့ဆို တကယ်တော့ ကျွန်တော်တို့ (၂၀၀၀) လောက် လိုပါတယ်။ သို့သော် (၂၀၀၀) လောက်ကို တက္ကသိုလ် (၁၀) ခု၊ ဖြစ်နိုင်ရင် အခု (၂၀) လောက်က မွေးထုတ်မယ်ဆိုရင် အင်မတန်မျှတပါတယ်။ ကောင်းလည်း ကောင်းပါတယ်။

နိုင်ငံတကာတက္ကသိုလ်ကြီးတွေ၊ ဆေးတက္ကသိုလ်ကြီးတွေ ကြည့်လို့ရှိရင် တစ်နှစ်ကို (၁၀၀)၊ (၁၂၀) အလွန့်အလွန် (၂၀၀) ဆိုတာ အများဆုံးပါပဲ။ မွေးထုတ်တာ ကျွန်တော်တို့က (၂၄၀၀) လက်ခံပြီးတော့ တက္ကသိုလ် (၄) ခုက မွေးထုတ်နေရတဲ့အတွက် တက္ကသိုလ်တစ်ခုက (၆၀၀) လောက် ထုတ်နေရပါတယ်။ အဲဒီအခါမှာ ဆရာနဲ့ကျောင်းသားမမျှမှု၊ စာသင်ခန်းတွေမမျှမှုဆိုတာတွေ ရှိလာပါတယ်။ ဒီလိုပဲ ဆရာနဲ့ ကျောင်းသားမမျှတာကို ဆရာတွေ တိုးခန့်လို့ရနိုင်ပေမယ့် ကျောင်းသားနဲ့လူနာနဲ့မမျှတာကိုတော့ လူနာကို အတင်းဆေးရုံတက်ခိုင်းဖို့ လေ့လာမယ့်ကျောင်းသားတွေ များနေတယ်။ လူနာတွေ ဆေးရုံတက်ကြလို့ ကျွန်တော်တို့ ပြောလို့မရပါဘူး။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ လတ်တလောအစီအစဉ်မှာ လူကို လျှော့ယူ ထားပေမယ့် မကြာခင်မှာ ဆေးတက္ကသိုလ် ဆေးကျောင်းအသစ်များဖွင့်ပြီးတော့ ကျွန်တော်တို့ ရှေးနှစ်က စပြီးတော့ ဒါ ဥက္ကဋ္ဌကြီးလည်း သိမှာပါ။ ကျွန်တော်တို့ တောင်ကြီးမှာ စတင်ပြီးတော့ ဆောက်ပြီးတော့ ဒီလုပ်ငန်းကို စတော့မှာပါ။ ပြီးရင် ပြည်နယ်တွေမှာ ဖွင့်ခွင့်ရဖို့ ဒါပြီးရင် မော်လမြိုင်၊ မကွေး စသည်ဖြင့် ဆက်တိုက်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ဘက်က အပြည့်အဝမွေးထုတ်နိုင်လာတဲ့အခါ ခန့်အပ်မှုကိုလည်း အခု အချိန်မှာ နိုင်ငံတော်ကနေပြီးတော့ ဖြေလျှော့ပေးလိုက်ပြီးတော့ ၂/၃ မဟုတ်ဘဲနဲ့ အပြည့်ခန့်ဖို့ ပြောတဲ့အခါမှာ ပြေလည်သွားနိုင်စရာရှိပါတယ်။ ဒါပေမဲ့ ကိုယ်စားလှယ်တော်ကြီးကို ကျွန်တော် တစ်ချက် ကိုယ်စားလှယ် တော်ကြီး အပါအဝင် ဝေးလံခေါင်ဖျားဒေသက ကိုယ်စားလှယ်များကို ကျွန်တော့်အနေနဲ့ ကျန်းမာရေးဝန်ထမ်း များရဲ့ကိုယ်စား မေတ္တာရပ်ခံလိုတာက လမ်းပန်းဆက်သွယ်ရေးခက်ခဲပါတယ်။ စားဝတ်နေရေး ကျပ်တည်း ပါတယ်။ ဘာသာစကား အခက်အခဲရှိပါတယ်။ ရှင်သန်ဖို့ ခက်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးရဲ့ ဒေသခံတွေမှာတောင်မှ ဒီလိုအခက်အခဲတွေ ရှိနေတဲ့အခါမှာ ကိုယ်စားလှယ်တော်ကြီးတွေတောင်မှ ဒီလိုအခက်အခဲမျိုးတွေ တွေ့နေရတဲ့အခါမှာ ကျွန်တော်တို့ပြည်မက ဆရာဝန်၊ ဆရာမ အပါအဝင် အခြားသောဝန်ထမ်းများကို လွှတ်တဲ့အခါမှာ သူတို့ မလွဲမသွေ ဒီဒုက္ခကို တွေ့ရမှာ အမှန်ပါပဲ။ ဒါကြောင့်မို့လို့ ဒေသခံကိုယ်စားလှယ်များရဲ့ ဒေသခံပြည်သူလူထုရဲ့ ပါဝင်ပူးပေါင်း စောင့်ရှောက်မှုမရှိဘူးဆိုရင် မစောင့်ရှောက်ဘူး သူတို့ကို မပံ့ပိုးဘူး၊ သူတို့ဘက်ကို မစဉ်းစားပေးဘူးဆိုရင်တော့ ထွက်ပြေးတာတွေက ရှိနေဦးမှာပဲ။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ကိုယ်စားလှယ်တော်ကြီးများကနေတစ်ဆင့် ပြည်နယ်လူထုကလည်း သူတို့ပြည်နယ်ကို လာရောက်တာဝန်ထမ်းဆောင်ပေးတဲ့ ဆရာဝန်၊ ဆရာမပဲဖြစ်ဖြစ်၊ အခြားဝန်ထမ်းပဲဖြစ်ဖြစ်ကို တတ်နိုင်သလောက် ပံ့ပိုးပေးကြစေချင်ပါတယ်။

အရင်တုန်းက ကျွန်တော်တို့တွေက မသွားရင် DE၊ PE စစ်ပြီးတော့ အလုပ်ထုတ်ပါတယ်ခင်ဗျ။ ပြီးတော့ ဆမ သိမ်းပါတယ်။ အဲဒီတော့ အဲဒီအခါကျတော့ ဘယ်သူပဲ နစ်နာလဲဆိုတဲ့အခါကျတော့ ကာယကံရှင်နဲ့ ကာယကံရှင်မိသားစု၊ ဆရာဝန်မိသားစု နစ်နာတယ်။ ဒေသခံပြည်သူလူထု နစ်နာတယ်။ ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနလည်း နစ်နာတယ်။ နိုင်ငံတော်မှာ နစ်နာပါတယ်။ အဲဒီတော့ Carrot and Stick Approach မှာ ကျွန်တော်တို့ တစ်ချိန်တုန်းက Stick ကို ပေးခဲ့တဲ့အခါမှာ ကျွန်တော်တို့ ဆရာဝန်တွေ ဆုံးရှုံးသွားပြီးတော့ အလုပ်ထွက်သွားပြီး ဆမသိမ်းခံရတာ လျော်ကြေးပေးရတာတွေက လွဲပြီးတော့ အကျိုးမရှိတဲ့အတွက် အခုအချိန်မှာ ကျွန်တော်တို့ နိုင်ငံတော်သမ္မတကြီးကို တင်ပြပြီးတော့ ကျွန်တော်တို့ သွားချင်အောင် ပထမ Incentive အနေနဲ့ ကျွန်တော်တို့က တောင်းတာက သုံးဆပါခင်ဗျ။ ကျွန်တော်တို့ကလည်း တစ်ဆပေးမယ်။ ဗိုလ်ချုပ်တို့ (နတလ) ကလည်း တစ်ဆပေးမယ်။ ဒေသကလည်း တစ်ဆပေးမယ်ဆိုရင် သုံးဆဆိုရင်တော့ လုပ်နိုင်ကြလိမ့်မယ်။

နောက်တစ်ချက်က ဘွဲ့လွန်ဖြေတဲ့အခါမှာ လောက်လောက်လားလား အရွေးခံနိုင်ဖို့ အမှတ်ပေးမယ်။ အာမခံချက်  ကျွန်တော်တို့ အခု ပေးပါတယ်။ နောက်တစ်ခုကလည်း ပြည်နယ်မှာ တာဝန်ကျထမ်းဆောင်ပြီးလို့ နှစ်ပြည့်လို့ရှိရင် တောင်းတဲ့နေရာ ကျွန်တော်တို့ ပြန်ပေးပါတယ်။ First Choice မရရင်တောင်မှ Second

Choice ပြန်ပေးပါတယ်။ ဒီနည်းလမ်းအားဖြင့် ကျွန်တော်တို့တွေသည် ဒီပြည်နယ် ဝေးလံခေါင်ဖျားဒေသတွေမှာ သွားချင်အောင်၊ ဝန်ထမ်းတွေ တာဝန်ထမ်းဆောင်ချင်အောင် လုပ်ပါတယ်။ လောလောဆယ်တော့ နှစ်ဆက အောင်မြင်ပါသေးတယ်။ နှစ်ဆတော့ အောင်မြင်ပါပြီ။ လစာ သက်ဆိုင်ရာဒေသက ပေးမယ့်တစ်ဆကတော့ ဒေသရဲ့အခြေအနေအရ မရသေးပါဘူး။ ဒီလိုအစီအမံတွေနဲ့လည်း ကျွန်တော်တို့ ဆောင်ရွက်ပေးနေပါတယ်ဆိုတာ တင်ပြရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။ (ဩဘာသံများ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## လွှတ်တော်ရုံး

## အမျိုးသားလွှတ်တော်ဌာန

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက် )

## ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏မေးခွန်းများ မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းမှ ဖြေကြားခြင်းများ

**ဦးရဲထွန်း (သီပေါမဲဆန္ဒနယ်) ၏ လာမည့်ဘတ်ဂျက်နှစ်တွင် ဝန်ထမ်းများအား လစာတိုးပေးမည်ဟု ကတိပေးထားပြီးဖြစ်ရာ လစာတိုးပေးပြီးနောက် ငွေကြေးဖောင်းပွမှုမဖြစ်စေရန် မည်သည့်အစီအမံများ ချထားဆောင်ရွက်နေသည်နှင့်စပ်လျဉ်းသည့်မေးခွန်း မေးမြန်းချက်**

လွှတ်တော်ကနေပြီးတော့ ဝန်ထမ်းတွေ လစာမလုံလောက်တဲ့အတွက် လစာတိုးပေးဖို့ တောင်းဆိုခဲ့တာရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ နိုင်ငံတော်သမ္မတကြီးက လစာတွေတိုးပေးလို့ရှိရင် ကုန်ဈေးနှုန်းတွေကြီးမြင့်ပြီးတော့ ငွေကြေးဖောင်းပွမှုဖြစ်လိမ့်မယ်။ ဒါကြောင့်မို့လို့ ဒီဘတ်ဂျက်နှစ်မှာ မတိုးပေးနိုင်သေးဘဲ နောက်ဘတ်ဂျက်မှာတိုးပေးပါ့မယ်လို့ ကတိပြုထားတာရှိပါတယ်။ ဒါကြောင့်မို့လို့ ဒါနဲ့ပတ်သက်ပြီးတော့ လွှတ်တော်ထဲကို အခုရောက်ရှိနေကြတဲ့ လွှတ်တော်ကိုယ်စားလှယ်အသစ်များလည်း သိရှိနိုင်ရန်အတွက် ကျွန်တော့်ရဲ့မေးခွန်းကို ပြည့်ပြည့်စုံစုံ ကျွန်တော်ဖတ်ကြားပါ့မယ်။ ဌာနဆိုင်ရာတာဝန်များကို ထမ်းဆောင်နေကြသော အစိုးရဝန်ထမ်းများသည် ရရှိသည့်လစာ လွန်စွာနည်းပါးခြင်း၊ ချထားပေးသည့် ရုံးအသုံးစရိတ်နှင့် အခြားစရိတ်များ မလောက်ငှခြင်း၊ မိမိတို့ဌာနဆိုင်ရာအထက်အရာရှိများ တာဝန်အရဖြစ်စေ လာရောက်လည်ပတ်လျှင် ဧည့်ခံစရိတ်တောင်းခြင်းနှင့် အရည်အချင်းအလိုက် ရာထူးတိုးတက်မှုမရှိဘဲ အထက်သို့ လာဘ်ငွေပေးနိုင်သူများ အကပ်ကောင်းသူများကသာ နေရာကောင်းရခြင်း၊ ရာထူးတိုးခြင်း၊ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်၍ အတိုင်အတောခံရလျှင် အထက်အဖွဲ့အစည်းသို့ သွားရောက်ထုချေရှင်းလင်းရသည့်အခါတွင်လည်း ငွေကြေးမြောက်မြားစွာကုန်ကျခြင်း စသည့် ပြဿနာများနှင့် ရင်ဆိုင်နေရသဖြင့် ရိုးသားသောဝန်ထမ်းအများစုမှာ စိတ်ဓာတ်ကျဆင်းလျက်ရှိကြောင်း သိရှိရပါသည်။ နိုင်ငံတော်သမ္မတကြီးသည် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်ရေးဖြစ်ပေါ်စေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု လွန်ခဲ့သောနှစ်နှစ်ခန့်ကပင် ပြည်သူလူထုကို ပြောကြားကတိပေးထားပြီးဖြစ်ပါသည်။ သန့်ရှင်းသောအစိုးရဖြစ်စေရေးကိစ္စတွင် ပမာဏကြီးမားများပြားစွာ အလွဲသုံးစားပြုမှု၊ အဂတိလိုက်စားမှုများကြောင့် ဖြစ်ပေါ်နေသောပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်မှသာ အမြန်ထိရောက်မှုရှိပါလိမ့်မည်။ ဥပမာအားဖြင့် သွင်းကုန်၊ ထုတ်ကုန်များကို မမှန်မကန်စာရင်းပြုမှု၊ လုံးဝအခွန်ရှောင်ကာ လာဘ်ပေးလာဘ်ယူပြုလျက် ကုန်သွယ်နေမှု၊ စီမံကိန်းကြီးများကို လုပ်ပိုင်ခွင့်ချထားပေးရာတွင် ပွင့်လင်းမြင်သာမှုမရှိသဖြင့် အကောင်အထည်ဖော်

ဆောင်ရွက်ရာတွင် ဖြစ်သင့်ဖြစ်ထိုက်သည်ထက် ပိုမိုကုန်ကျနေခြင်း သို့မဟုတ် အရည်အသွေးပြည့်မီမှုမရှိခြင်း စသည့် ပြဿနာများကို ဆိုလိုပါသည်။ ထို့အပြင် ပြည်သူလူထုက ပေးဆောင်နေရသော်လည်း နိုင်ငံတော်၏ ဘဏ္ဍာတိုက်ထဲသို့ မရောက်ရှိသည့် အခွန်အခများမှာလည်း များစွာရှိနေပါသည်။ ဥပမာအားဖြင့် နိုင်ငံသား စိစစ်ရေးကတ်ပြားတစ်ခုလုပ်ဆောင်ခကို ၆ ကျပ်သာ သတ်မှတ်ထားသော်လည်း အမှန်တကယ်လုပ်ဆောင် သည့်အခါ ထို့ထက်မက အဆပေါင်းများစွာ ပေးနေရခြင်းမျိုး၊ မြေဂရန်သက်တမ်းတိုးရာတွင် အစိုးရသို့ ပေးဆောင်ရငွေမှာ ထောင်ဂဏန်းမျှသာရှိသော်လည်း အမှန်တကယ်ကုန်ကျငွေမှာ သိန်းဂဏန်းဖြစ်နေခြင်းမျိုး ဖြစ်ပါသည်။ ထိုသို့သော ယိုပေါက်များကို ကောင်းစွာပိတ်ဆို့ပြီး ရသင့်ရထိုက်သည့်အခွန်အခများကို ရအောင်ကောက်နိုင်မှသာလျှင် အစိုးရဘတ်ဂျက်တွင် ရငွေတိုးလာပြီး ဝန်ထမ်းများကို လုံလောက်သော လစာများ တိုးပေးခြင်း၊ ရုံးသုံးကုန်ကျစရိတ်များကို အမှန်တကယ်ကုန်ကျသည့်အတိုင်း ချထားပေးနိုင်ခြင်း စသည့် ကိစ္စများကို ငွေကြေးဖောင်းပွမှုမဖြစ်စေဘဲ ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါသည်။ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ဖြစ်စေရန်အတွက်လည်း အရည်အချင်းနှင့်ကျွမ်းကျင်မှုအလိုက် ရာထူးတာဝန်တိုးပေးသည့် စနစ်ကို တိတိကျကျလိုက်နာကျင့်သုံးခြင်းသည် အရေးကြီးသည့်အချက်တစ်ချက်ဖြစ်ပါသည်။ လာမည့် ဘတ်ဂျက်နှစ်တွင် ဝန်ထမ်းများအား လစာတိုးပေးမည်ဟု ကတိပေးထားပြီးဖြစ်ရာ ကျွန်တော် မေးမြန်း လိုသည်မှာ (၁) လစာတိုးပေးပြီးနောက် ငွေကြေးဖောင်းပွမှုမဖြစ်စေရန် မည်သည့်အစီအမံများ ချထား ဆောင်ရွက်နေသည်ကို သိရှိလိုပါသည်။ (၂) ကြီးကြီးမားမားအကျင့်ပျက်ခြစားမှုများ အဂတိလိုက်စားမှုများ ပပျောက်စေရန် မည်သို့စီမံဆောင်ရွက်နေသည်ကို သိရှိလိုပါသည်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဦးရဲထွန်း (သီပေါမဲဆန္ဒနယ်) ၏ လာမည့်ဘတ်ဂျက်နှစ်တွင် ဝန်ထမ်းများအား လစာတိုးပေးမည်ဟု ကတိပေးထားပြီးဖြစ်ရာ လစာတိုးပေးပြီးနောက် ငွေကြေးဖောင်းပွမှုမဖြစ်စေရန် မည်သည့်အစီအမံများ ချထားဆောင်ရွက်နေသည်နှင့်စပ်လျဉ်းသည့်မေးခွန်းအား ဒေါက်တာမောင်မောင်သိမ်း (ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန) မှ ဖြေကြားချက်**

ရှမ်းပြည်နယ် သီပေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း (ခ) ဦးမင်းထွန်း၏ မေးခွန်းကို ပြည်ထောင်စုဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဒေါက်တာ မောင်မောင်သိမ်းမှ ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ ဦးရဲထွန်းရဲ့မေးခွန်းမှာ အဓိကဆိုလိုရင်းကတော့ ငွေကြေးဖောင်းပွမှုကို မည်ကဲ့သို့ အစီအမံများချမှတ်ပြီး ဆောင်ရွက်နေတယ်ဆိုတဲ့အချက်ဖြစ်ပါတယ်။ ဒုတိယ အချက်ဖြစ်တဲ့ လာဘ်ပေးလာဘ်ယူကိစ္စကတော့ ကျွန်တော်တို့ဝန်ကြီးဌာနနဲ့မဆိုင်တဲ့အတွက်ကြောင့် ကျွန်တော် ပထမအချက်ကိုပဲ ဖြေသွားပါမယ်။ ပထမအချက်ဖြစ်တဲ့ ငွေကြေးဖောင်းပွမှုကို မည်ကဲ့သို့အစီအမံများ ချမှတ် ဆောင်ရွက်နေပါသလဲဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ နိုင်ငံတကာမှာလုပ်တဲ့ လုပ်ထုံးလုပ်နည်းတွေအတိုင်း ပါပဲ။ ငွေကြေးဖောင်းပွမှုကို နည်းလမ်းနှစ်မျိုးနဲ့ ဆောင်ရွက်နေပါတယ်။ ပထမနည်းလမ်းကတော့ ဘဏ္ဍာရေး မူဝါဒဆိုင်ရာနည်းလမ်းဖြစ်ပြီးတော့ ဒုတိယနည်းလမ်းကတော့ ငွေကြေးမူဝါဒဆိုင်ရာနည်းလမ်းဖြစ်ပါတယ်။ ဘဏ္ဍာရေးဆိုင်ရာမူဝါဒအနေနဲ့ အသုံးစရိတ်တွေ ဖြတ်တောက်တာ။ အခွန်တွေကို နှုန်းထားမမြှင့်ဘဲနဲ့ တိုးမြှင့် ရရှိအောင် ကောက်ခံတာတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနည်းလမ်းကို ဆောင်ရွက်တဲ့အခါမှာလည်းပဲ သတိကြီးစွာထားပြီး ဆောင်ရွက်ရပါတယ်။ ဥပမာတစ်ခုအနေနဲ့ပြရမယ်ဆိုရင် အခု အမေရိကန်နိုင်ငံမှာ ဘတ်ဂျက်လိုငွေတွေ ဖြတ်တောက်တာနဲ့ အခွန်တိုးမြှင့်ကောက်ခံတာကို ဥပဒေတွေ ပြဋ္ဌာန်းပြီး ဆောင်ရွက် ပါတယ်။ ဆောင်ရွက်တဲ့အခါမှာ ဒီဥပဒေတွေရဲ့အကျိုးသက်ရောက်မှုဟာ ၁ ရက်တည်းသွားဖြစ်တဲ့အတွက် ကြောင့် တစ်ပြိုင်နက်တည်းမှာ အမေရိကန်စီးပွားရေးမှာ လှည့်ပတ်သုံးစွဲနေတဲ့ငွေတွေထဲကနေပြီးတော့ GDP ရဲ့ ၃.၅ ရာခိုင်နှုန်းလောက် လျော့သွားမှာဖြစ်တဲ့အတွက်ကြောင့် စီးပွားရေးနှောင့်နှေးမှုတွေ ဖြစ်တော့မယ်ဆိုပြီးတော့မှ ဘဏ္ဍာရေးချောက်ကမ်းပါးထဲ ကျတော့မယ်ဆိုပြီးတော့ ပွက်လောရိုက်သွားတာ ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာကို ဆောင်ရွက်တဲ့နေရာမှာလည်း သတိကြီးစွာထားပြီးတော့ ဆောင်ရွက်

ရပါတယ်။ ငွေရေးကြေးရေးနည်းလမ်းအနေနဲ့ကတော့ (၁) က အတိုးနှုန်းတွေကို ထိန်းညှိတဲ့နည်းလမ်း၊ (၂) ကတော့ ဈေးကွက်ရဲ့အခြေအနေလုပ်ဆောင်မှုကို ထိန်းညှိတဲ့နည်းလမ်းနဲ့ (၃) ကတော့ အရန်ရန်ပုံငွေတွေကို ထိန်းညှိတဲ့နည်းလမ်းကိုသုံးပြီးတော့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အတိုးနှုန်းနဲ့ပတ်သက်လို့လည်းပဲ နိုင်ငံတော်ရဲ့စီးပွားရေးအခြေအနေပေါ် မူတည်ပြီးတော့ အတိုးနှုန်းတွေကို ထိန်းညှိသတ်မှတ်ပေးပြီးတော့ ဆောင်ရွက်ပေးပါတယ်။ ဒီမှာလည်းပဲ သတိကြီးစွာထားပြီးတော့ ဆောင်ရွက်ရပါတယ်။ ခုန ကျွန်တော်တင်ပြခဲ့တဲ့အတိုင်းပဲ အဲဒီစီးပွားရေးအကြီးဆုံးဆိုတဲ့ နိုင်ငံကြီးမှာပဲ ငွေဖောင်းပွမှုနှုန်းကို ၂ ရာခိုင်နှုန်းထားဖို့ ဆိုပြီးတော့ အတိုးနှုန်းတွေကို ၀ ရာခိုင်နှုန်းနီးပါး လျှော့ချတဲ့အခါမှာ စီးပွားရေးနောက်ကျမှုဖြစ်မယ်ဆိုပြီးတော့ တလောကသတင်းတွေမှာ ပါလာပါတယ်။ ဒုတိယနည်းလမ်းဖြစ်တဲ့ ဈေးကွက်ဆိုင်ရာ လုပ်ဆောင်ချက်တွေကို ထိန်းညှိတဲ့နည်းလမ်းကိုလည်းပဲ ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာ ချေးငွေအပ်ငွေတွေကို လေလံစနစ်နဲ့ လုပ်ဆောင်လာအောင် ပြီးခဲ့တဲ့နှစ် စက်တင်ဘာလမှစပြီးတော့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အရန်ရန်ပုံငွေနဲ့ပတ်သက်လို့ကတော့ ရန်ပုံငွေရဲ့ရည်မှန်းချက်ပမာဏကို သတ်မှတ်တာ၊ ငွေဖြစ်လွယ်မှုကို သတ်မှတ်တဲ့နည်းလမ်းတွေနဲ့ အသုံးပြုပြီးတော့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နိုင်ငံတော်ရဲ့ဘတ်ဂျက်လိုငွေဟာ တဖြည်းဖြည်းလျော့ကျနေတဲ့အနေအထားကိုလည်း တွေ့ရပါတယ်။ ၂၀၁၁-၂၀၁၂ မှာ ဘတ်ဂျက်လိုငွေဟာ ၄. ၉ ရာခိုင်နှုန်းက GDP နဲ့ ဘတ်ဂျက်လိုငွေအချိုးဟာ ၄. ၉ ရာခိုင်နှုန်းရှိတာက နေပြီးတော့မှ ၂၀၁၂-၂၀၁၃ မှာ ၃. ၂ ရာခိုင်နှုန်းအထိ ကျဆင်းသွားတာကို တွေ့ရပါတယ်။ ကုန်ဈေးနှုန်းတွေကို ကြည့်မယ်ဆိုရင်လည်း ကုန်ဈေးနှုန်းတွေဟာ တန့်နေတဲ့သဘောများ တွေ့ရပါတယ်။ ဓာတ်ဆီလည်းပဲ ဓာတ်ဆီဈေးနှုန်းလည်း တက်သွားတာကို မတွေ့ရပါဘူး။ ထို့အတူပဲ နိုင်ငံခြားငွေလဲလှယ်တဲ့နှုန်းတွေလည်း တန့်နေတဲ့သဘောကို တွေ့ရပါတယ်။ ဒါတွေကိုကြည့်ခြင်းအားဖြင့် ငွေကြေးဖောင်းပွမှုနှုန်းကို လျှော့နည်းအောင် ဆောင်ရွက်တဲ့ အစီအမံတွေဟာ တစ်စုံတစ်ရာသော အတိုင်းအတာအထိ ထိရောက်မှုရှိတယ်လို့တော့ သုံးသပ်နိုင်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးရဲထွန်း (သီပေါမဲဆန္ဒနယ်) ၏ လာမည့်ဘတ်ဂျက်နှစ်တွင် ဝန်ထမ်းများအား လစာတိုးပေးမည်ဟု ကတိပေးထားပြီးဖြစ်ရာ လစာတိုးပေးပြီးနောက် ငွေကြေးဖောင်းပွမှုမဖြစ်စေရန် မည်သည့်အစီအမံများ ချထားဆောင်ရွက်နေသည်နှင့်စပ်လျဉ်းသည့်မေးခွန်း ထပ်ဆင့်မေးမြန်းချက်**

ဒုတိယဝန်ကြီးက အခုလို ရှင်းလင်းပြသွားတဲ့အတွက် ငွေကြေးဖောင်းပွမှုပြဿနာနဲ့ပတ်သက်လို့တော့ သဘောတရာရေးရာအရ ဒါ ကျွန်တော်တို့ နားလည်သဘောပေါက်ပါတယ်။ ကျွန်တော်တို့တိုင်းပြည်ရဲ့ ထူးခြားချက်အနေနဲ့ ဒီသဘောတရားကို လက်တွေ့ဘယ်လိုကျင့်သုံးမလဲဆိုတဲ့အပိုင်းကို ဖြေကြားသွားတာ မရှိသေးပါဘူး။ နောက်တစ်ချက် အရေးကြီးတာ ဖြေကြားသွားတာမရှိသေးတဲ့အတွက် ကျွန်တော် ဖြေပါလို့ မတောင်းဆိုလိုပါဘူး။ သို့သော် နောက်တစ်ချက်အရေးကြီးတာက ကျွန်တော်တို့ အခုတင်ထားတဲ့ဘတ်ဂျက်ထဲမှာ ဝန်ထမ်းတွေအတွက် လစာတိုးပေးဖို့ ဆွဲထားတာများပါပါသလား။ ပါတယ်ဆိုရင်လည်း ဘယ်လောက်အတိုင်းအတာအထိ ကျွန်တော်တို့ တိုးပေးဖို့စီစဉ်ထားပါသလဲဆိုတာ ဖြေကြားပေးပါခင်ဗျား။

**ဦးရဲထွန်း (သီပေါမဲဆန္ဒနယ်) ၏ လာမည့်ဘတ်ဂျက်နှစ်တွင် ဝန်ထမ်းများအား လစာတိုးပေးမည်ဟု ကတိပေးထားပြီးဖြစ်ရာ လစာတိုးပေးပြီးနောက် ငွေကြေးဖောင်းပွမှုမဖြစ်စေရန် မည်သည့်အစီအမံများ ချထားဆောင်ရွက်နေသည်နှင့်စပ်လျဉ်းသည့်မေးခွန်းအား ဒေါက်တာမောင်မောင်သိမ်း (ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန) မှ ထပ်မံဖြေကြားချက်**

ကျွန်တော် ခုနက တင်ပြသွားတာကတော့ သဘောတရားတင်မကဘူး။ လက်တွေ့မှာလည်း အဲဒီအတိုင်းပဲ ကြိုးစားပြီးတော့ လုပ်ဆောင်နေပါတယ်။ ခုနက ဝန်ထမ်းတွေကို လစာတိုးပေးဖို့ ဘတ်ဂျက်မှာ ပါ၊ မပါ ဆိုတာကတော့ အခုထက်ထိတော့ ဘတ်ဂျက်ထဲမှာ မပါပါဘူးခင်ဗျား။ ဆိုတော့ နောက်လုပ်မယ့် အစီအစဉ်ကိုတော့ ကျွန်တော်လည်း မသိပါဘူး။ သို့သော် လောလောဆယ်ဆယ်မှာတော့ မပါသေးကြောင်း တင်ပြအပ်ပါတယ်။

**ဒေါက်တာတင်မောင်ကြိုင် (ကြံခင်းမဲဆန္ဒနယ်) ၏ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၏ သာမန်အသုံးစရိတ်များ ခွဲဝေချထားရာတွင် ခေတ်ကာလနှင့်လျော်ညီသော အသုံးစရိတ်များ ခွဲဝေချထားပေးရန် အစီအစဉ် ရှိ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း မေးမြန်းချက်**

ကျွန်တော့်အနေနဲ့ မြို့နယ်အဆင့် ဌာနဆိုင်ရာများရဲ့ သာမန်အသုံးစရိတ်များ ခွဲဝေချထားရာမှာ ခေတ်ကာလနှင့်လျော်ညီသော အသုံးစရိတ်များ ခွဲဝေချထားပေးရန် အစီအစဉ်ရှိ၊ မရှိနဲ့ပတ်သက်လို့ မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဌာနဆိုင်ရာများမှာ ဝန်ထမ်းများကို စရိတ်ချီးမြှင့်ငွေအဖြစ် ကျပ် ၃၀၀၀၀ တိုးမြှင့်ပေးခဲ့သော်လည်း ခရီးစရိတ်များ အပါအဝင် ရုံးအသုံးစရိတ်များဟာ ခေတ်နှင့်လျော်ညီသော အသုံးစရိတ်များမဟုတ်ပါလို့ သိရှိရပါတယ်။ မြို့နယ်အဆင့် ရုံးအသုံးစရိတ်များ ခွဲဝေချထားရာမှာ ရန်ပုံငွေမလောက်ငတဲ့အတွက် ဌာနတာဝန်ခံများက မဖြစ်မနေ အများဆုံးစိုက်ထုတ်သုံးစွဲနေရခြင်းနှင့် အခြားအဆင့်ဝန်ထမ်းများကလည်း မိမိတို့ရဲ့တာဝန်အလျောက် မိမိတို့ လုပ်ငန်းအပေါ် တာဝန်ခံလုပ်ကိုင်ရသလောက် စိုက်ထုတ်သုံးစွဲနေရခြင်းများရှိနေကြောင်းနဲ့ ဒီလိုစိုက်ထုတ်သုံးစွဲကြရာမှာ နည်းလမ်းနှစ်ခုနှင့် ဆောင်ရွက်နေကြောင်း သိရှိရပါတယ်။ ပထမနည်းလမ်းကတော့ အများပြည်သူများနှင့် ဆက်ဆံရပြီးတော့ ဝင်ငွေရလမ်းရှိတဲ့ဌာနများ၊ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရတဲ့ဌာနများက စိုက်ထုတ်ကျခံသုံးစွဲရတဲ့ကိစ္စများအတွက် ဌာနရန်ပုံငွေအဖြစ်လည်းကောင်း၊ ဝန်ထမ်းသက်သာအဖြစ်လည်းကောင်း ခေါင်းစဉ်အမျိုးမျိုးတပ်၍ အများပြည်သူများထံမှ အပိုငွေကောက်ခံခြင်း၊ အလှူခံခြင်း၊ ဌာနမှထိန်းသိမ်းစောင့်ရှောက်ရတဲ့ ပြည်သူပိုင်ပစ္စည်းများ၊ မြေယာများကို လုပ်ပိုင်ခွင့်တစ်ရပ်အနေဖြင့် ဆောင်ရွက်စေပြီး ရန်ပုံငွေရှာခြင်း၊ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်သည့်ဌာနများမှလည်း ရန်ပုံငွေအပိုရရှိရန် နည်းလမ်းပေါင်းစုံဖြင့် ရှာကြံသုံးစွဲနေခြင်းများဖြင့် ဆောင်ရွက်နေကြောင်း သိရှိရပါတယ်။ အဲ့ဒီလို နည်းလမ်းအမျိုးမျိုးနဲ့ ရှာဖွေဆောင်ရွက်နိုင်တဲ့ မြို့နယ်အဆင့်ဌာနဆိုင်ရာများဟာ မိမိဌာနရဲ့လုပ်ငန်းများကို ဆောင်ရွက်ရာမှာ အခက်အခဲမရှိ ဆောင်ရွက်နိုင်ကြသော်လည်း မလိုလားအပ်သော လာဘ်ပေးလာဘ်ယူမှုများ ဖြစ်ပေါ်လာခြင်း၊ လုပ်ပိုင်ခွင့်အလွဲသုံးစားပြုခြင်း၊ အများပြည်သူပိုင်ပစ္စည်းများနှင့် ထိန်းသိမ်းစောင့်ရှောက်ရမည့်ပစ္စည်းများအား အလွဲသုံးစားပြုမှုများကြောင့် ပြဿနာများဖြစ်ပေါ်လာခြင်း၊ သဘာဝပတ်ဝန်းကျင်များ ပျက်စီးခြင်းနှင့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို မျက်ကွယ်ပြုလာခြင်း စသည်တို့အပြင် အများပြည်သူက နိုင်ငံတော်အစိုးရဌာနများနှင့် ဝန်ထမ်းများအပေါ် ယုံကြည်မှုမရှိတော့ခြင်း စသည့် ကိစ္စရပ်များ ပေါ်ပေါက်နိုင်ပါတယ်။

ဒုတိယနည်းလမ်းကတော့ ဝင်ငွေရလမ်းမရှိတဲ့ ဌာနများအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာမှာ ဌာနတာဝန်ခံများ အပါအဝင် ရုံးလုပ်ငန်းများ တာဝန်ခံလုပ်ကိုင်ကြတဲ့ ဝန်ထမ်းများဟာ မိမိတို့ရရှိတဲ့လစာစရိတ်ထဲကနေပြီးတော့ စိုက်ထုတ်ကျခံပြီး လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရတဲ့အတွက် ဝန်ထမ်းများရဲ့စိတ်ဓာတ်၊ စည်းလုံးမှု၊ လုပ်ငန်းအပေါ် စိတ်ဝင်စားမှု၊ လုပ်ငန်းစွမ်းရည်ကျဆင်းမှုများဖြစ်ပေါ်နေကြောင်း သိရှိရပါတယ်။ ဒီအချက်တွေဟာ မြို့နယ်တစ်မြို့နယ် ခရိုင်တစ်ခုတည်းအတွက်သာ မလိုလားအပ်တဲ့အားနည်းချက် ဖြစ်ပေါ်လာခြင်းမဟုတ်ဘဲ တစ်နိုင်ငံလုံးအတွက် ကောင်းမွန်သောကိစ္စမဟုတ်ဟု သိရှိပြီး လိုအပ်သလို စီမံဆောင်ရွက်ပေးကြရမှာဖြစ်ပါတယ်။ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှာ မည်ကဲ့သို့ ရုံးအသုံးစရိတ်များ စိုက်ထုတ်သုံးစွဲနေသည်ကို အကြမ်းဖျင်းအားဖြင့် ဖော်ပြရမယ်ဆိုရင် ခရီးစရိတ်ခွဲဝေချထားရာမှာ အရင်ဘဏ္ဍာရေးနှစ်များအတိုင်း ခွဲဝေချထားပေးသော်လည်းပဲ ရထားဖြင့် ခရီးသွားလာပါက ရထားခမှာ သုံးဆတက်သွားခြင်း နေ့တွက်စရိတ်မှာလည်း ခရီးသွားတဲ့နေ့အတွက်မရရှိဘဲ နောက်ရက်များတွင် တစ်ရက် ၁၁၀၀ ခန့်သာ ခွင့်ပြုခဲ့ရာ ထမင်းတစ်နပ်ပင် လောက်ငမှုမရှိခြင်း၊ ဌာနမှတည်းခိုနေထိုင်ရန် စီစဉ်ပေးနိုင်မှုမရှိတဲ့အတွက် တည်းခိုခန်းခမှာ တစ်ရက် ၂၅၀၀ ကျပ်ပေးဆောင်ရပြီး တည်းခိုတဲ့နေရာနဲ့ သွားရသည့်ရုံးမှာ အလှမ်းကွာဝေးသဖြင့် မြို့ပတ်ကားများ၊ ဆိုက်ကားများ စီးသွားရပါက ခရီးစရိတ်မရခြင်း၊ ပြေစာဘောက်ချာပါလျှင် ပေးမည်ဆိုသော်လည်း

အချို့သောကိစ္စရပ်များသည် ပြေစာဘောက်ချာမရရှိနိုင်တဲ့ကိစ္စရပ်များဖြစ်ခြင်း စသည့် စရိတ်များ ပိုမိုကုန်ကျမှု ရှိသော်လည်း အမှန်တကယ်ထုတ်ယူရရှိသည့်ခရီးစရိတ်မှာ ရထားလက်မှတ်ခသာသာပင် ရှိပါတယ်။ အဆိုပါ ငွေကြေးခန့်သာ ထုတ်ယူရရှိသော်လည်း ခွင့်ပြုရန်ပုံငွေ လုံလောက်စွာခွဲဝေချထားခြင်းမရှိတဲ့အပြင် ဝန်ထမ်း ကိုယ်တိုင် စိုက်ထုတ်သုံးစွဲရခြင်းမှာ ဘဏ္ဍာရေးနှစ်တိုင်းတွင်ဖြစ်ကြောင်း သိရှိရပါတယ်။ ၎င်းအပြင် ရုံးအသုံး စရိတ်များ၌ လုပ်အားခခရီးစရိတ်များ၊ ခေတ်နှင့်လျော်ညီသောစရိတ်များ ခွဲဝေမပေးသဖြင့် မိတ္တူကူးခများ စိုက်ထုတ်သုံးစွဲရခြင်း ရုံးအကူ၊ ရုံးစောင့်၊ သန့်ရှင်းရေးဝန်ထမ်း ခန့်ထားမှုမရှိသောမြို့နယ်များတွင် ရုံးမြေနေရာ ကျယ်ဝန်းလျှင် ကျယ်ဝန်းသလောက် ပေါင်းမြက်နှင့် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းရာတွင် စိုက်ထုတ်သုံးစွဲရခြင်း စသည့် အမျိုးမျိုးသော အထွေထွေလုပ်အားခများမှာ ဘဏ္ဍာရေးနှစ်တိုင်း ခံစားနေရသည့် အခက်အခဲများ ဖြစ်ပါတယ်။ ရုံးသုံးစာရေးကိရိယာများ၊ ရုံးအသုံးအဆောင်ပစ္စည်းများမှာလည်း ယခင် လက်နှိပ်စက်ရိုက် ဆောင်ရွက်ရသည့်ခေတ်အတိုင်းပင် ခွဲဝေချထားပေးသော်လည်း E-Government, ICT စတဲ့ နည်းပညာ ခေတ်မှာ ကွန်ပျူတာစာစီခေတ် ဆောင်ရွက်လာကြပြီဖြစ်ရာ ရုံးလုပ်ငန်းများဆောင်ရွက်ရာမှာ စိုက်ထုတ်ရတဲ့ ကုန်ကျစရိတ်မှာ အင်မတန်များပြားလှကြောင်း သိရှိရပါတယ်။ ရုံးလုပ်ငန်းများဆောင်ရွက်ရာမှာ လွယ်ကူ လျင်မြန်စေဖို့ အချို့သောရုံးဌာနများမှာ နိုင်ငံပိုင်သိမ်းထားတဲ့ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ ခွဲဝေပေးသော်လည်း စက်ဆီ၊ ချောဆီရန်ပုံငွေမလောက်သည့်အပြင် တစ်နှစ်စာ ပြင်ဆင်ထိန်းသိမ်းစရိတ် မှာလည်း ဘီးတစ်ပေါက်ဖာလျှင် ကုန်သွားတတ်ပါတယ်။ မော်တော်ယာဉ်၊ ဆိုင်ကယ်ထုတ်၍မပေးသော်လည်း မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိဌာန၊ ရုံးလုပ်ငန်းအရေးအရလည်းကောင်း၊ အခြားသောတာဝန်ပေးမှု အရလည်းကောင်း မြို့နယ်အတွင်း ခရီးသွားရလျှင် မိမိပိုင်ယာဉ်ရှိပါက ဆီ၊ ယာဉ် အသင့်စိုက်ထုတ် မောင်းနှင်ရန် ဆီမရှိပါက ပိုမိုကုန်ကျသောခရီးလမ်းကြောင်း ဖြစ်မည်မှာမလွဲပါ။ ရုံးသုံးတယ်လီဖုန်းခများမှာ လည်း တယ်လီဖုန်းပြောဆိုခ၊ သုံးစွဲခအတွက်ပင်လျှင် ရန်ပုံငွေလောက်ငမှုမရှိသော်လည်း ခေတ်မီစွာပင် ဖက်စ်ကြေးနန်းပို့ခများ၊ ဖက်စ်ကြေးနန်းလက်ခံခများ ကုန်ကျလာသည်ကို တွေ့ရပါသည်။ ကွန်ပျူတာနှင့် ခေတ်မီစက်ကိရိယာများ ကိုင်တွယ်သုံးစွဲရခြင်းမရှိသောခေတ်၌ပင်လျှင် လုံခြုံရေးမီးထွန်းရန်နှင့် ရုံးတွင်း လျှပ်စစ်မီးထွန်းရန်အတွက် ခွဲဝေချထားပေးသော မီတာခပင် ယခုအခါ ခွဲဝေချထားပေးခြင်းမရှိသော လျှပ်စစ် မီတာနှင့် ဓာတ်အားခရန်ပုံငွေသည် လစဉ်မီတာထိန်းသိမ်းစောင့်ရှောက်ခသာသာဖြင့် စိုက်ထုတ်သုံးစွဲရသော ငွေကြေးများရှိကြောင်း သိရှိရပါတယ်။ သတင်းစာဖိုးတွေနဲ့ နိုင်ငံပိုင်သတင်းစာတစ်စောင် ဝယ်ယူဖတ်ရှုရန် အတွက်သာ ခွဲဝေချထားပေးသော်လည်း အခြားသော မဝယ်မနေရစာစောင်များ ရောယှက်နေသဖြင့် ကုန်ကျ စရိတ်မှာ များပြားလှကြောင်း သိရပါတယ်။ ဖော်ပြပါကုန်ကျစရိတ်များဟာ မြို့နယ်အဆင့် ဌာနဆိုင်ရာများ အားလုံး အနည်းနှင့်အများခံစားနေရတဲ့ စရိတ်များဖြစ်ပြီးတော့ ဆက်လက်ဖော်ပြခြင်းမပြုတဲ့ ပြင်ဆင် ထိန်းသိမ်းခြင်းစရိတ်များ၊ ဧည့်ခံစရိတ်များ စသည့် ခေတ်မမီသောစရိတ်များ အခြားအသုံးစရိတ်များဟာ လက်ရှိအတိုင်း ဆက်လက်ခွဲဝေချထားဆောင်ရွက်သွားမည်ဆိုပါက ဝန်ထမ်းများအပေါ် လစာစရိတ် မည်မျှပင်တိုး၍ပေးစေကာမူ ပေးကားပေး၏ မရဆိုသကဲ့သို့ ဖြစ်ပါလိမ့်မယ်။ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၃ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၁) အရ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော ပြည်ထောင်စုအဖွဲ့အစည်းများ၏ အကြီးအမှူးများနှင့် အဖွဲ့အစည်းဝင်များ၏ လစာ၊ စရိတ်နှင့် ယင်းအဖွဲ့အစည်းများ၏ အသုံးစရိတ်များကို ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းမပြုရဟူ၍လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၃ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၁) အရ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းများ၏ အကြီးအမှူးများနှင့် အဖွဲ့အစည်းဝင်များ၏ လစာစရိတ်နှင့် ယင်းအဖွဲ့အစည်းများ၏ အသုံးစရိတ်များကို ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်း မပြုရဟူ၍လည်းကောင်း ပါရှိပါတယ်။ သို့သော်လည်း မြို့နယ်အဆင့် ဌာနတာဝန်ခံများဟာ မိမိတို့အား အပ်နှင်းထားသော လုပ်ပိုင်ခွင့်အပေါ် မူတည်၍ ဘဏ္ဍာရေးနှစ်တစ်နှစ် အတွက် ခန့်မှန်းခြေများ၊ အပြီးသတ်ရန်ပုံငွေများ ရေးဆွဲတင်ပြတောင်းခံသော်လည်း ရရှိမှုမရှိကြောင်း

လေ့လာတွေ့သိရှိရပါတယ်။ အခုလို ဌာနဆိုင်ရာများရဲ့ လက်တွေ့အခက်အခဲကို ဖြေရှင်းပေးနိုင်ခြင်းမရှိလျှင် နိုင်ငံတော်အကြီးအကဲများမျှော်မှန်းထားသော သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်မှုစနစ် အပါ အဝင် လာဘ်ပေးလာဘ်ယူမှုကင်းရှင်းရေး၊ ဝန်ထမ်းများ အရည်အချင်း၊ အရည်အသွေးမြင့်မားရေးတို့မှာ အလှမ်းဝေးနေမည်ဖြစ်ပါတယ်။ သို့ပါ၍ မြို့နယ်အဆင့် ဌာနဆိုင်ရာများ သာမန်အသုံးစရိတ်နှင့်ပတ်သက်၍ ခေတ်နှင့်ဆီလျော်သော အသုံးစရိတ်များဖြစ်စေရန် ရန်ပုံငွေခွဲဝေချထားပေးနိုင်ခြင်း ရှိ၊ မရှိ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒေါက်တာတင်မောင်ကြိုင် (ကြံခင်းမဲဆန္ဒနယ်) ၏ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၏ သာမန်အသုံးစရိတ်များ ခွဲဝေချထားရာတွင် ခေတ်ကာလနှင့်လျော်ညီသော အသုံးစရိတ်များ ခွဲဝေချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းအား ဒေါက်တာမောင်မောင်သိမ်း (ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန) မှ ဖြေကြားချက်**

ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ တင်မောင်ကြိုင်ရဲ့မေးခွန်းကို ပြည်ထောင်စုဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဒေါက်တာမောင်မောင်သိမ်းမှပင် ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ မေးခွန်းကတော့ မြို့နယ် အဆင့် ဌာနဆိုင်ရာများရဲ့ သာမန်အသုံးစရိတ်များကို ခေတ်ကာလနှင့်လျော်ညီတဲ့ အသုံးစရိတ်များအဖြစ် ခွဲဝေချထားပေးရန် အစီအစဉ် ရှိ၊ မရှိဖြစ်ပါတယ်။ ဒီမေးခွန်းကလည်း အင်မတန်ကောင်းတဲ့မေးခွန်း ဖြစ်ပါတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေတွေကိုလည်းပဲ အသေးစိတ်ထင်ဟပ်ပြပြီး နောက်ပေါ်ပေါက် လာမယ့် အကျိုးတရားတွေကိုပါ နောက်ဆက်တွဲအကျိုးတွေကိုပါ ထည့်သွင်းမေးမြန်းထားတဲ့အတွက် အင်မတန်မှခိုင်မာတဲ့မေးခွန်းလည်း ဖြစ်ပါတယ်။ ဝန်ထမ်းတွေနဲ့ပတ်သက်ပြီးတော့ ခရီးစရိတ်၊ အသုံး စရိတ်နှင့် သာမန်အသုံးစရိတ်ဆိုပြီးတော့ ၃ မျိုးရှိပါတယ်။ ခရီးစရိတ်နှင့်ပတ်သက်လို့ကတော့ ခရီးစရိတ် လက်စွဲနည်းဥပဒေအရ အမှန်ကုန်ကျစရိတ်ကို တင်ပြတောင်းခံခွင့်ရှိပါတယ်။ အမှန်ကုန်ကျစရိတ် တင်ပြ တောင်းခံရင်လည်းပဲ ခွင့်ပြုပေးပါတယ်။ နေ့တွက်စရိတ်နှင့်ပတ်သက်လို့ကတော့ နေ့တွက်စရိတ်ဟာ တိုးမြင့် လာတဲ့အတွက်ကြောင့် ပြုပြင်တာကို ၃ ကြိမ် ကျွန်တော်တို့ လုပ်ပြီးပါပြီ။ ၁၉၇၉ မှာ တစ်ကြိမ် တိုးပေးပါတယ်။ ၁၉၈၉ မှာ တစ်ကြိမ် တိုးပေးပါတယ်။ ၂၀၁၁ ခုနှစ်မှာ တစ်ကြိမ် ၃ ကြိမ်တိုးပေးပါတယ်။ အဲဒီလို ၃ ကြိမ် တိုးပေးတဲ့အတွက်ကြောင့် ၁၀ ကျပ်ကနေ ၁၁၀၀ ကျပ်ဖြစ်သွားပါတယ်။ သို့သော်လည်းပဲ ပြောင်းလဲ နေတဲ့ အခြေအနေအရ ဒါဟာ ကိုယ်စားလှယ်တော်ကြီး တင်ပြသလိုပဲ လုံလောက်မှုမရှိသေးဘူးဆိုတာ ကိုလည်း တွေ့ရပါတယ်။ အဲဒီတော့ ဒီအသုံးစရိတ်ကိုလည်းပဲ နိုင်ငံတော်ရဲ့ဘတ်ဂျက်အခြေအနေပေးရင် ပေးသလိုပဲ ပြုပြင်တိုးမြှင့်ပေးသွားဖို့ စေတနာလည်း ရှိပါတယ်။ ဆန္ဒလည်း ရှိပါတယ်။ သာမန်အသုံးစရိတ်နှင့် ပတ်သက်လို့ကတော့ ဒီသာမန်အသုံးစရိတ်ကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းအဆင့်ဆင့်ကနေပြီးတော့ လျာထားသတ်မှတ်ပေးပါတယ်။ အဲဒီလျာထားသတ်မှတ်ချက်တွေကိုမှ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ကနေပြီး အစဉ်တိုးမြှင့်ပေးလျက်ရှိပါကြောင်း လေးစားစွာတင်ပြဖြေဆိုအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်။

**ဦးမြင့်စိုး (ပျော်ဘွယ်မဲဆန္ဒနယ်) ၏ ပြည်သူ့ဝန်ထမ်းများအား ယနေ့ခေတ်နှင့်လျော်ညီသော ထိုက်တန်သည့် ရာထူးအဆင့်အတန်းအလိုက် ဝန်ထမ်းခံစားခွင့်များ စီစဉ်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း မေးမြန်းချက်**

ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၁) အခြေခံမူများရဲ့ အခန်း ကဏ္ဍမှာ ပုဒ်မ ၂၆ (ခ) မှာ နိုင်ငံတော်သည် နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းခွင်အာမခံချက်ရရှိရေး၊ စားဝတ် နေမှုဖူလုံရေး၊ အိမ်ထောင်ရှင်အမျိုးသမီးဝန်ထမ်းများရဲ့ မီးဖွားခြင်းဆိုင်ရာခံစားခွင့်ရရှိရေးနှင့် အငြိမ်းစား ဝန်ထမ်းများ စားဝတ်နေမှုသက်သာချောင်ချိရေးအတွက် လိုအပ်သည်များကို ဥပဒေပြဋ္ဌာန်းရမယ်လို့ ပါရှိ

ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၇ မှာ နိုင်ငံတော်ဆိုတာဟာ ဥပဒေပြုအာဏာ၊ အုပ်ချုပ်မှုအခွင့်အာဏာကို ကျင့်သုံးတဲ့ အဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်ကို ဆိုလိုတယ်လို့ ဖွင့်ဆိုထားပါတယ်။ ဒါကြောင့် စီမံခန့်ခွဲမှုအာဏာကိုကိုင်စွဲတဲ့ အစိုးရအဖွဲ့နှင့် ဥပဒေပြုအာဏာကိုကိုင်စွဲတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဟာလည်း အခြေခံဥပဒေပုဒ်မ ၂၆ (ခ) မှာပါတဲ့ နိုင်ငံ့ဝန်ထမ်းများရဲ့ အခွင့်အရေးနှင့် ခံစားခွင့်တွေကို ရရှိဖို့အတွက် ကျွန်တော်တို့မှာ တာဝန်ရှိတယ်လို့ မှတ်ယူရမှာဖြစ်ပါတယ်။ဒါကြောင့် ကျွန်တော်တို့ နိုင်ငံတော်အကြီးအကဲဖြစ်တဲ့ နိုင်ငံတော်သမ္မတကြီး မိန့်မှာတဲ့ သန့်ရှင်းသောအစိုးရဖြစ်ဖို့ဆိုရင် ကောင်းမွန်သော စီမံခန့်ခွဲမှုလုပ်ရမှာဖြစ်တဲ့အတွက် မကြာမီမှာ အဂတိလိုက်စားမှုဥပဒေတွေ လည်းပေါ်လာမယ်။ လာဘ်ပေးလာဘ်ယူတိုက်ဖျက်မှုအတွက် လျော့နည်းပပျောက်အောင် ဆောင်ရွက်တဲ့နေရာမှာ တရားမျှတမှုရှိဖို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆ (င) မှာပါတဲ့ နိုင်ငံတော်မှာ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်း တည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးဆိုတဲ့အချက်ကို ထည့်သွင်းစဉ်းစားဖို့လိုအပ်မယ်လို့ ထင်မြင်ယူဆပါတယ်။ ဒါကြောင့် တရားမျှတခြင်း၊ ညီမျှခြင်းဖြစ်အောင် ပြည်သူ့ဝန်ထမ်းများကို လုံလောက်သော လစာနှင့် နေအိမ်၊ ယာဉ်ကား၊ စက်သုံးဆီကို စီစဉ်ပေးဖို့ တာဝန်ရှိပါတယ်။ ဒါမှသာ ပြည်သူ့ဝန်ထမ်းတွေဟာ နိုင်ငံတော်ရဲ့တာဝန်ကို လေးစားပြီးတော့ အလေးထားမှာဖြစ်ပါတယ်။ အဲ့ဒီလို စီမံပေးမှသာ ကျွန်တော်တို့ပြောနေတဲ့ ကောင်းမွန်တဲ့စီမံခန့်ခွဲမှုဖြစ်ပြီးတော့ သန့်ရှင်းသောအစိုးရဖြစ်ဖို့အတွက် အထောက်အကူပြုမှာ ဖြစ်ပါတယ်။ ကျွန်တော်ရဲ့ရှေ့မှာ မေးသွားတဲ့ ဦးရဲထွန်းနှင့် ဦးတင်မောင်ကြိုင်တို့ပြောသွားသလိုပါပဲ ကျွန်တော်တို့ အောက်ခြေမြို့နယ်အဆင့်တွေမှာ၊ ခရိုင်အဆင့်တွေမှာ လုံလောက်မှုမရှိတာတွေဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ တကယ်တမ်းပြောမယ်ဆိုရင်တော့ သန့်ရှင်းသောအစိုးရဖြစ်ဖို့အတွက် ကောင်းမွန်သော စီမံခန့်ခွဲမှုများ လိုအပ်နေပါတယ်။ ဒါ ဘာကြောင့်ပြောရသလဲဆိုရင် စီမံခန့်ခွဲမှုအပိုင်းမှာ လွဲချော်မှုလို့လည်း ပြောလို့ရပါတယ်။ လစာမလုံလောက်လို့၊ လစာက အိမ်ငှားတာနဲ့ ကုန်သွားပြီဆိုတာနဲ့ အကြောင်းပြချက်တွေနဲ့ လာဘ်ပေးလာဘ်ယူကျူးလွန်တာတွေ၊ ယာဉ်ကားတွေ၊ စက်သုံးဆီတွေကို လုပ်ငန်းနှင့်ဆက်စပ်တဲ့သူတွေဆီကနေ အကူအညီတောင်းတဲ့အတွက်ကြောင့် မျက်နှာလိုက်ရတယ်။ မျက်နှာလိုက်ရတော့ အဂတိလိုက်စားမှုပဲ ဖြစ်ပါတယ်။ ဌာနဆိုင်ရာမှာ စာရွက်စာတမ်းတွေကို မလုံလောက်တဲ့အတွက်ကြောင့် အလျှုခံတာတွေ ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒါဟာလည်း စာရင်းမဝင်၊ တရားမဝင်ဖြစ်တဲ့အတွက်ကြောင့် လာဘ်ပေးလာဘ်ယူကျူးလွန်ခြင်းလည်း မည်ပါတယ်။ ဒါကြောင့် ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ လာဘ်ပေးလာဘ်ယူတိုက်ဖျက်ရေးအတွက် အစဉ်တစိုက်ပြောဆိုနေကြပြီဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့ဝန်ထမ်းများအား တိကျစွာအရေးယူမှုမပြုလုပ်မီ ဒီနေ့ခေတ်ကာလနှင့်လျော်ညီသော ထိုက်တန်သည့် လစာ၊ နေအိမ်၊ ရာထူးအဆင့်အတန်းအလိုက် ဆိုင်ကယ်၊ ကားခံစားခွင့်များ၊ အခြားသောဝန်ထမ်းခံစားခွင့်များကို စီစဉ်ပေးမှသာ တရားမျှတမှုရှိမည်ဟု ထင်မြင်မိပါသဖြင့် ထိုသို့ စီစဉ်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုပါကြောင်း ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ဦးမြင့်စိုး (ပျော်ဘွယ်မဲဆန္ဒနယ်) ၏ ပြည်သူ့ဝန်ထမ်းများအား ယနေ့ခေတ်နှင့်လျော်ညီသော ထိုက်တန်သည့် ရာထူးအဆင့်အတန်းအလိုက် ဝန်ထမ်းခံစားခွင့်များ စီစဉ်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်းအား ဒေါက်တာကံဇော် (ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန) ဖြေကြားချက်**

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး တင်သွင်းသည့် ပြည်သူ့ဝန်ထမ်းများအား ယနေ့ခေတ်ကာလနှင့် လျော်ညီသောထိုက်တန်သည့် လစာ၊ နေအိမ်၊ ရာထူးအဆင့်အတန်းအလိုက် ဆိုင်ကယ်၊ ကား စသည့် ခံစားခွင့်များ၊ အခြားသောဝန်ထမ်းခံစားခွင့်များ စီစဉ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆက်လက်ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။

ပြည်သူ့ဝန်ထမ်းများ နိုင်ငံ့တာဝန်ထမ်းဆောင်ရာတွင် ဝန်ထမ်းဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများအရ တာဝန်ထမ်းဆောင်မှုကို အကြောင်းပြု၍ အလုပ်တည်မြဲခွင့်၊ ရာထူး၏လစာခံစားခွင့်၊ နှစ်တိုးခံစားခွင့်၊ အချိန်မစေ့မီ နှစ်တိုးခံစားခွင့်၊ ရာထူးတိုးမြှင့်ခြင်းခံစားခွင့်၊ ဆေးဝါးကုသမှုခံယူခွင့်၊ ဒေသစရိတ်ခံစားခွင့်၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းဆောင်ရွက်ရန် သတ်မှတ်ထားသည့်ဒေသများတွင် တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများအား လစာနှစ်ဆခံစားခွင့်နှင့် ခွင့်ခံစားခွင့်များ ရရှိပြီးဖြစ်ကြပါတယ်။ ဝန်ထမ်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများတွင် နေအိမ်၊ မော်တော်ယာဉ်၊ ကား၊ မော်တော်ဆိုင်ကယ် စသည့် အသုံးအဆောင်များကို ဝန်ထမ်း၏ တာဝန်ထမ်းဆောင်မှုအရ ခံစားခွင့်ပြုခြင်းနှင့်ပတ်သက်၍ ရေးသားဖော်ပြထားခြင်းမရှိပါ။ သို့ရာတွင် နေပြည်တော်ဒေသ၌ ဝန်ထမ်းများအားလုံးအတွက် ဝန်ထမ်းအိမ်ရာများ စီစဉ်ပေးခြင်း၊ ဝန်ထမ်းများ သွားလာရေးအဆင်ပြေချောမွေ့စေရန်အတွက် ရုံးတက် ရုံးဆင်း မော်တော်ယာဉ်များ စီစဉ်ပေးခြင်း၊ အရာထမ်း ဝန်ထမ်းများအား လုပ်ငန်းလိုအပ်ချက်အရ တယ်လီဖုန်းများ စီစဉ်ပေးခြင်းနှင့် ဌာနပိုင်မော်တော်ယာဉ်များ စီစဉ်ပေးခြင်းများကို ဆောင်ရွက်ပေးထားပါတယ်။ နေပြည်တော်ဒေသမှအပ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနပိုင် ဝန်ထမ်းအိမ်ရာများတွင် နေထိုင်ရေး အခက်အခဲရှိသည့် ဝန်ထမ်းများအတွက် အိမ်ခန်း များစီစဉ်ထားရှိပါတယ်။ ထို့အပြင် ဝန်ထမ်းများ နေထိုင်ရေး အထူးခက်ခဲသည့်ဒေသများတွင်လည်း ဝန်ကြီးဌာနအနေဖြင့် မိမိတို့ရရှိသည့် ဘတ်ဂျက်ခွဲဝေချထားငွေအရ ဝန်ထမ်းအိမ်ရာများ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကဲ့သို့ ၂၄ နာရီ တာဝန်ရှိသည့်ဌာနများတွင် ဝန်ထမ်းများအတွက် အိမ်ခန်းများကို တစ်ပါတည်း စီစဉ်ဆောင်ရွက်ထားရှိပါတယ်။ အလားတူပင် ပြည်သူ့ဝန်ထမ်းများ သွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် ဝန်ကြီးဌာနများအလိုက် မိမိဌာန စွမ်းဆောင်နိုင်မှုအနေအထားအရ မော်တော်ဆိုင်ကယ်များ၊ မော်တော်ယာဉ်များ စီစဉ်ဆောင်ရွက်ပေးခြင်းများရှိပါကြောင်း လေးစားစွာရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဦးမြင့်စိုး (ပျော်ဘွယ်မဲဆန္ဒနယ်) ၏ ပြည်သူ့ဝန်ထမ်းများအား ယနေ့ခေတ်နှင့်လျော်ညီသော ထိုက်တန်သည့် ရာထူးအဆင့်အတန်းအလိုက် ဝန်ထမ်းခံစားခွင့်များ စီစဉ်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း ထပ်ဆင့်မေးမြန်းချက်**

ဒါက ရှိပြီးသားဥပဒေမှာ ပါနေတာကိုပဲ ပြောခြင်းဖြစ်ပါတယ်။ တကယ်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆ (ခ) နှင့် ၄၇ ကို ထောက်ထားပြီးတော့ ကျွန်တော်တို့ဟာ နိုင်ငံတော်အစိုးရနှင့် လွှတ်တော်ဟာ ဝန်ထမ်းတွေရဲ့ ခံစားခွင့်ကို လိုအပ်နေတာရှိပါတယ်။ တကယ်တမ်း ဆိုင်ကယ်တွေနဲ့ သွားကြတယ်။ တကယ်တမ်း ဆီဖိုးမရှိဘူး။ ဆီဖိုးမရှိတဲ့အခါကျတော့ ရှင်းရှင်းပြောလို့ရှိရင်တော့ နယ်တွေကိုဆင်းတဲ့အခါမှာ အချို့ဟာ နယ်ကနေပြီးတော့ ပေးရတာတွေ ရှိတယ်။ စာရေးကိရိယာတွေလည်း တကယ်တမ်း လုံလောက်မှု မရှိဘူး။ လုံလောက်မှုမရှိတာတွေကို လုံလောက်မှုရှိအောင် ဘတ်ဂျက်တွေ ရေးဆွဲတဲ့အခါမှာ ပြည့်ပြည့်စုံစုံ ရေးဆွဲဖို့ လိုအပ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရနဲ့ လွှတ်တော်မှာ တာဝန်ရှိတဲ့အတွက်ကြောင့် တကယ်လို့ လိုအပ်ရင်လည်း ဥပဒေတွေကို ပြဋ္ဌာန်းပေးရမယ်။ အမိန့်၊ ညွှန်ကြားချက်တွေ ထုတ်ပေးဖို့ လိုအပ်မယ်လို့ ကျွန်တော့်အနေနဲ့ ယူဆတဲ့အတွက်ကြောင့် ထပ်မံတင်ပြခြင်းဖြစ်ပါတယ်။ လေးစားပါတယ်ခင်ဗျား။

**ဦးမြင့်စိုး (ပျော်ဘွယ်မဲဆန္ဒနယ်) ၏ ပြည်သူ့ဝန်ထမ်းများအား ယနေ့ခေတ်နှင့်လျော်ညီသော ထိုက်တန်သည့် ရာထူးအဆင့်အတန်းအလိုက် ဝန်ထမ်းခံစားခွင့်များ စီစဉ်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်းအား ဒေါက်တာကံဇော် (ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန) ထပ်မံဖြေကြားချက်**

လွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြဆွေးနွေးသွားတဲ့အတိုင်း ကျွန်တော်တို့အနေနဲ့ ဘတ်ဂျက်များ လျာထားတဲ့အခါမှာ သက်ဆိုင်ရာဘတ်ဂျက်ခေါင်းစဉ်အလိုက် စက်သုံးဆီဖိုး အပါအဝင် ဘတ်ဂျက်လျာထားခြင်း နှစ်စဉ်ပုံသဏ္ဌာန်ရှိပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးသွားတဲ့အတိုင်း

နယ်များတွင်လည်းကောင်း၊ သက်ဆိုင်ရာဦးစီးဌာနများတွင်လည်းကောင်း၊ ဝန်ကြီးဌာနများတွင်လည်းကောင်း စက်သုံးဆီဖိုးများ ပြည့်စုံစွာလျာထားဆောင်ရွက်နိုင်ပါကြောင်းနှင့် လျာထားမှုများအပေါ်မှာ သက်ဆိုင်ရာ ဘတ်ဂျက်ကို တာဝန်ယူရေးဆွဲလျက်ရှိတဲ့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသို့ ဆက်လက်တင်ပြဆောင်ရွက် သွားနိုင်ပါကြောင်း တင်ပြဖြေကြားအပ်ပါတယ်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏သဘောထားမှတ်ချက်**

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်မှာ သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း၊ ကြံခင်းမဲဆန္ဒနယ်မှ ဒေါက်တာတင်မောင်ကြိုင်၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ဒီလွှတ်တော်ကိုယ်စားလှယ် ၃ ဦးရဲ့ မေးခွန်းများဟာ နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေတဲ့ မေးခွန်းများဖြစ်တယ်လို့ လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်ပါတယ်။ ဒါ့ကြောင့် မေးခွန်းများနဲ့ ဖြေကြားချက်များကို နိုင်ငံတော်ပြန်တမ်းမှာ ထည့်မှာဖြစ်ကြောင်း နည်းဥပဒေ ၁၂၂ အရ လွှတ်တော်သို့ တင်ပြပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက် )

**ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီးသော ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

# ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

**( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃။ )**

၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၁၁ (က) တွင် ပါရှိသော "ပြည်ထောင်စုလွှတ်တော်အစည်း အဝေးတွင်ဖြစ်စေ၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်အစည်းအဝေးတွင်ဖြစ်စေ နိုင်ငံတော်၏ အရအသုံးစာရင်းများစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ထူးခြားသော အခြေအနေကို အခါအားလျော်စွာတင်ပြခြင်း" ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင်ဖြစ်စေ၊ ပြည်သူ့လွှတ်တော် သို့မဟုတ်

အမျိုးသားလွှတ်တော်အစည်းအဝေးတွင်ဖြစ်စေ၊ နိုင်ငံတော်၏အရအသုံးစာရင်းများစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ် တင်ပြခြင်း၊ ထူးခြားသောအခြေအနေကို အခါအားလျော်စွာတင်ပြခြင်း” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။　ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ ၁၁ (ည) တွင် ပါရှိသော “မိမိ၏ဆောင်ရွက်ချက်ကို နိုင်ငံတော်သမ္မတမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း၊” ဆိုသည့် စကားရပ်ကို “မိမိ၏ ဆောင်ရွက်ချက်များနှင့် စစ်ဆေးတွေ့ရှိချက်များကို နိုင်ငံတော်သမ္မတထံသို့ တင်ပြသည်နှင့်တစ်ပြိုင်တည်း ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း၊” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။　ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ ၁၁ (ဋ) ၏နောက်တွင် (ဌ) ကိုအောက်ပါအတိုင်း ဖြည့်စွက်ရမည် -

“(ဌ) ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုကို စစ်ဆေးရန် ပြည်ထောင်စုလွှတ်တော်က တာဝန်ပေးအပ်လာလျှင် စစ်ဆေး၍ ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း။”

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇/ ၂၀၁၃)**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်
( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက် )

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီးသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ
# ( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄။ )

၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေတွင် -

(က) ပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၆။ နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့် အဖွဲ့ဝင် ၃ ဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင် ၃ ဦးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင် ၃ ဦး၊ စုစုပေါင်းရွေးချယ်ထားသည့် အဖွဲ့ဝင် ၉ ဦး၏ အမည်စာရင်းကိုလည်းကောင်း၊ ယင်းတို့အနက် ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့်ညှိနှိုင်း၍ ရွေးချယ်သည့် အဖွဲ့ဝင်တစ်ဦး၏အမည်ကိုလည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပြီး သဘောတူညီချက်ရယူရမည်။"

(ခ) ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဇ) ၏နောက်တွင် ပုဒ်မခွဲ (ဈ) ကို အောက်ပါအတိုင်းဖြည့်စွက်ရမည် -

"(ဈ) မိမိတို့၏လုပ်ငန်းတာဝန်များ ဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍ မိမိတို့အား ရွေးချယ်သည့် သက်ဆိုင်ရာ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ အသီးသီးအစီရင်ခံခြင်း။"

၃။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေတွင် ပုဒ်မ ၂၃ ကို ပုဒ်မ ၂၄ အဖြစ်လည်းကောင်း၊ ပုဒ်မ ၂၄ ကို ပုဒ်မ ၂၃ အဖြစ်လည်းကောင်း ပြန်လည်အမှတ်စဉ်ရမည်။ ထိုသို့ ပြန်လည်အမှတ်စဉ်သည့် ပုဒ်မ ၂၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၄။ ပုဒ်မ ၂၃ အရ ချမှတ်သော ခုံရုံး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။"

၄။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေတွင် ပုဒ်မ ၂၅ ကို ပယ်ဖျက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်ကြော်ငြာစာအမှတ် ၄၄/၂၀၁၃

၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက် )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၇၃ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤနည်းဥပဒေများကို **ပြည်ထောင်စုတရားလွှတ်တော်ချုပ် အမိန့်ဆင့်စာခနည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် သက်ဆိုင်စေရမည်။

၃။ ဤနည်းဥပဒေများတွင် -

(က) **"ဘိလစ်"** ဆိုသည်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဘိလစ်ကို ဆိုသည်။

(ခ) **"အမိန့်ဆင့်စာ"** ဆိုသည်မှာ တရားခံ သို့မဟုတ် တရားပြိုင် သို့မဟုတ် သက်သေသို့ ချအပ်ရန် ဆင့်စာ၊ ပစ္စည်းဖမ်းဝရမ်းစာ သို့မဟုတ် လူဖမ်းဝရမ်းစာ၊ ထို့ပြင် တရားမနှင့်ဆိုင်သည်ဖြစ်စေ၊ ပြစ်မှုနှင့်ဆိုင်သည်ဖြစ်စေ၊ အများနှင့်ဆိုင်သည်ဖြစ်စေ ထုတ်ဆင့်သည့် နို့တစ်စာ၊ ကြော်ငြာစာ၊ တားဝရမ်းစာ သို့မဟုတ် အမိန့်စာများ ပါဝင်သည်။

**ထားရှိရမည့်မှတ်ပုံတင်စာရင်းစာအုပ်များ**

၄။ ဘိလစ်သည် ပြည်ထောင်စုတရားသူကြီးချုပ်၏ ကြီးကြပ်အုပ်ချုပ်မှုကို နာခံလျက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က သတ်မှတ်သည့်ပုံစံများ၊ ညွှန်ကြားချက်များနှင့်အညီ အမိန့်ဆင့်စာများကို ချအပ်အတည်ပြုခြင်းနှင့်စပ်လျဉ်းသည့် မှတ်ပုံတင်စာရင်းစာအုပ်များကို ထားရှိရမည်။

**အမိန့်ဆင့်စာများ ချအပ်အတည်ပြုသည့်အတွက် ကောက်ခံထိုက်သည့်အခကြေးငွေ**

၅။ နည်းဥပဒေ ၆ တွင် ဖော်ပြပါရှိသည့် ကင်းလွတ်ချက်များကို အထောက်အထားပြု၍ အမိန့်ဆင့်စာ ထုတ်စေလိုသူထံမှသော်လည်းကောင်း၊ အမိန့်ဆင့်စာထုတ်လျှင် အကျိုးခံစားရမည့်သူထံမှသော်လည်းကောင်း အမိန့်ဆင့်စာအသီးသီးအတွက် အောက်ပါနှုန်းထားအတိုင်း အမိန့်ဆင့်စာခများကို ကောက်ခံရမည် -

| | | | ကျပ် |
|---|---|---|---|
| (က) ဆင့်စာ | (၁) | တရားခံတစ်ဦးလျှင် သို့မဟုတ် တရားပြိုင်တစ်ဦးလျှင် ...................................................... | ၄၀၀ |
| | (၂) | သက်သေတစ်ဦးလျှင် ...................................................... | ၃၀၀ |
| (ခ) အယူခံမှုတွင် အယူခံတရားခံ သို့မဟုတ် အယူခံတရားပြိုင်သို့ ချအပ်ရန် နို့တစ်စာ ........................................................................ | | | ၄၀၀ |
| (ဂ) ဝရမ်းစာ | (၁) | လူဖမ်းဝရမ်းတွင် လူတစ်ဦးလျှင် ...................................... | ၇၀၀ |

(၂) ပစ္စည်းဖမ်းဝရမ်းတွင် -

(ကက) ဝရမ်းစာ သို့မဟုတ် တားမြစ်ချက်အမိန့်စာတစ်စောင်လျှင် .............................................. ၇၀၀

(ခခ) ဝရမ်းစွဲကပ်သည့်ပစ္စည်းကို စောင့်ကြပ်ကြည့်ရှုရသူအသီးသီးအတွက် စောင့်ထိန်းခတစ်နေ့လျှင် ........................................................ ၄၀၀

(ဃ) အခြားအမိန့်ဆင့်စာ ........................................................................ ၃၀၀

**အခကြေးငွေကောက်ခံခြင်းမပြုရသည့် အမိန့်ဆင့်စာများ**

၆။ (က) အောက်ပါအမိန့်ဆင့်စာများအတွက် အခကြေးငွေကောက်ခံခြင်းမရှိစေရ -

(၁) မှားယွင်းမှုကြောင့်သော်လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ရွှေ့ဆိုင်းမှုကြောင့်သော်လည်းကောင်း ထုတ်ရသည့် အမိန့်ဆင့်စာ သို့မဟုတ် တစ်ဖန်ပြန်၍ထုတ်ရသည့် အမိန့်ဆင့်စာ၊

(၂) ပြည်ထောင်စုတရားလွှတ်တော်ချုပ် အဆောက်အအုံ၌ဖြစ်စေ၊ အစိုးရရုံးဌာန၌ဖြစ်စေ စွဲကပ်သည့် အမိန့်ဆင့်စာမူရင်းခွဲ၊

(၃) ဝရမ်းခွာကြောင်း သို့မဟုတ် ရောင်းခြင်းကို ရွှေ့ဆိုင်းကြောင်း အကြောင်းကြားသည့် အမိန့်စာ၊

(၄) လူတစ်ဦးတစ်ယောက်ကို ချုပ်ထားရန်ဖြစ်စေ၊ အချုပ်မှလွှတ်ရန်ဖြစ်စေ အကျဉ်းထောင်တာဝန်ခံအရာရှိထံ ဆင့်ဆိုသည့် အမိန့်စာ၊

(၅) အခကြေးငွေမကောက်ခံရဟု ဖော်ပြပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မိမိအလိုအလျောက် ထုတ်သည့် အမိန့်ဆင့်စာ၊

(၆) ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အခွင့်အာဏာကို မထီမဲ့မြင်ပြုသည့်စကားနှင့် အပြုအမူတစ်ရပ်ရပ်အတွက် အရေးယူရန်နှင့် အပြစ်ပေးရန်အလို့ငှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မိမိအလိုအလျောက်ထုတ်သည့် အမိန့်ဆင့်စာ။

၇။ နည်းဥပဒေ ၅ အရ ကောက်ခံရမည့် အမိန့်ဆင့်စာခနှုန်းထားနှင့် နည်းဥပဒေ ၆ အရ ကင်းလွတ်ခွင့်ပြုသည့် အမိန့်ဆင့်စာများစာရင်းတစ်စောင်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် အဆောက်အအုံတွင် အများပြည်သူတို့ ဝင်ထွက်သွားလာနိုင်သည့် ထင်ရှားမြင်သာသောနေရာ၌ စွဲကပ်ထားရမည်။

၈။ အမိန့်ဆင့်စာများ ချအပ်အတည်ပြုခြင်းနှင့်စပ်လျဉ်း၍ အရပ်ရပ်ကုန်ကျသည့် စာပို့ခများနှင့် အခြားအသေးသုံးစရိတ်များအတွက် အစိုးရက ထုတ်ပေးမည်ဖြစ်သည်။ ထို့ပြင် နည်းဥပဒေ ၁၀ အရ ပြဋ္ဌာန်းသတ်မှတ်သည့် အမိန့်ဆင့်စာခများအပြင်၊ အခြားမည်သည့် အခကြေးငွေကိုမျှ အမိန့်ဆင့်စာ ထုတ်ပေးစေလိုသူများထံမှသော်လည်းကောင်း၊ အမှုတစ်ခုခုတွင် တရားရုံးက အမိန့်ဆင့်စာခပေးရန် အမိန့်ချမှတ်ခြင်းခံရသောအခြားသူတစ်ဦးဦးထံမှသော်လည်းကောင်း ကောက်ခံခြင်းမရှိစေရ။

**ခြွင်းချက်**။ သို့ရာတွင် အမိန့်ဆင့်စာကို အမြန်ချောစာပို့ဖြင့် လျှောက်သူက ပေးပို့စေလိုသည့်အချက်တွင် အမိန့်ဆင့်စာခအပြင် အမြန်ချောစာပို့ခကို ကောက်ခံရမည်။

**အမိန့်ဆင့်စာခများကို ကောက်ခံရန်နည်းလမ်း**

၉။ အမိန့်ဆင့်စာ ထုတ်ဆင့်စေလိုသူထံမှဖြစ်စေ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆင့်ဆိုချက်အရ ပေးဆောင်ရမည့်သူထံမှဖြစ်စေ အမိန့်ဆင့်စာကို ချအပ် သို့မဟုတ် အတည်ပြုရန် ရေးသားခြင်းမပြုမီ အမိန့်ဆင့်စာခကို ကောက်ခံရမည်။ ထိုသို့ ကောက်ခံရာတွင် -

(က) နည်းဥပဒေ ၅ (ဂ) (၂) (ခခ) အရ ပြဋ္ဌာန်းသည့် စောင့်ထိန်းခဖြစ်လျှင် ငွေသားဖြင့် ကောက်ခံရမည်။

(ခ) အခြားအချက်တစ်ရပ်ရပ်တွင် ရုံးခွန်တံဆိပ်ခေါင်းများဖြင့် ကောက်ခံရမည်။ ထိုတံဆိပ်ခေါင်းများကို အမိန့်ဆင့်စာထုတ်ရန် လျှောက်ထားသည့် လျှောက်လွှာတွင်သော်လည်းကောင်း၊ အမိန့်ဆင့်စာကို ထုတ်ရန် ဆင့်ဆိုသည့်အမိန့်စာတွင်သော်လည်းကောင်း ကပ်ရမည်။

(ဂ) အမိန့်ဆင့်စာခများအတွက် ရုံးခွန်တံဆိပ်ခေါင်းများကို လက်ခံရရှိသည့်အခါ ရရှိကြောင်း ပြေစာပေးရမည်။

**အထွေထွေ**

၁၀။ (က) ပြစ်မှုစီရင်ပိုင်ခွင့်အာဏာ ကျင့်သုံးရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ထုတ်ဆင့်သည့် လူဖမ်းဝရမ်းစာများကို အတည်ပြုရန်အတွက် သာမန်အားဖြင့် ရဲစခန်းသို့ ပို့ရမည်။

(ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ချအပ် သို့မဟုတ် အတည်ပြုရမည့် အခြားအမိန့်ဆင့်စာအရပ်ရပ်နှင့်စပ်လျဉ်း၍ ထိုအမိန့်ဆင့်စာကို ချအပ် သို့မဟုတ် အတည်ပြုစေလိုသည့် မြို့နယ်ရှိ မြို့နယ်တရားရုံးသို့ ပေးပို့ရမည်။

၁၁။ အမိန့်ဆင့်စာကို ချအပ် သို့မဟုတ် အတည်ပြုရန် ဘီလစ်ထံသို့မပို့မီ ထိုအမိန့်ဆင့်စာပေါ်တွင် "အခငွေ ကျပ် .......... ပေးပြီး"၊ သို့မဟုတ် "နည်းဥပဒေ ၆ (   ) အရ ကင်းလွတ်ခွင့်ပြုသည်" ဆိုသောစကားရပ်ကို ရေးသားရမည်။ ထိုသို့ ရေးရာ၌ နည်းဥပဒေ ၅ အရ ကောက်ခံသည့် အခကြေးငွေဖြစ်စေ၊ အမိန့်ဆင့်စာကို အခကြေးငွေကင်းလွတ်ခွင့်ပြုသည့် နည်းဥပဒေ ၆ ပါ အပိုဒ်နံပါတ်ဖြစ်စေ သက်ဆိုင်ရာကွက်လပ်တွင် ထည့်သွင်းရမည်။

၁၂။ အမိန့်ဆင့်စာကို ချအပ်ရန် အခြားတရားရုံးသို့ ပေးပို့သည့်အခါ သတ်မှတ်သည့် အခကြေးငွေကောက်ခံပြီးကြောင်း သို့မဟုတ် အမိန့်ဆင့်စာမှာ အခကြေးငွေ ကင်းလွတ်ခွင့်ပြုကြောင်းကို ထိုအမိန့်ဆင့်စာပေါ်တွင် ရေးသားဖော်ပြ၍ ပေးပို့ရမည်။ ဖော်ပြပါ အမိန့်ဆင့်စာကို ရရှိသည့် တရားရုံးသည် နောက်ထပ်အခကြေးငွေမယူဘဲ အမိန့်ဆင့်စာ ချအပ်ခွင့်ရှိသည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

**အမိန့်ကြော်ငြာစာအမှတ် ၄၅/၂၀၁၃**

၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက် )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၇၃ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤနည်းဥပဒေများကို **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်များဆိုင်ရာအမိန့်ဆင့်စာခ နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများသည် တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်များ အားလုံးနှင့် သက်ဆိုင်စေရမည်။

၃။ ဤနည်းဥပဒေများတွင် -

(က) **"တရားလွှတ်တော်"** ဆိုသည်မှာ တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရား လွှတ်တော်များကို ဆိုသည်။

(ခ) **"တရားရေးဦးစီးမှူး"** ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားရေးဦးစီးမှူးကို ဆိုသည်။

(ဂ) **"ဘိလစ်"** ဆိုသည်မှာ တရားလွှတ်တော်၏ ဘိလစ်ကို ဆိုသည်။

(ဃ) **"အမိန့်ဆင့်စာ"** ဆိုသည်မှာ တရားခံ သို့မဟုတ် တရားပြိုင် သို့မဟုတ် သက်သေသို့ ချအပ်ရန် ဆင့်စာ၊ ပစ္စည်းဖမ်းဝရမ်းစာ သို့မဟုတ် လူဖမ်းဝရမ်းစာ၊ ထို့ပြင် တရားမနှင့်ဆိုင်သည်ဖြစ်စေ၊ ပြစ်မှုနှင့်ဆိုင်သည်ဖြစ်စေ၊ အများနှင့်ဆိုင်သည်ဖြစ်စေ ထုတ်ဆင့်သည့် နို့တစ်စာ၊ ကြော်ငြာစာ၊ တားဝရမ်းစာ သို့မဟုတ် အမိန့်စာများ ပါဝင်သည်။

**ကြီးကြပ်အုပ်ချုပ်ခြင်း**

၄။ တရားရေးဦးစီးမှူးသည် အမိန့်ဆင့်စာချအပ်ခြင်းနှင့်စပ်လျဉ်း၍ ဘိလစ်နှင့် ဆင့်စာလုလင်များကို ကြီးကြပ်အုပ်ချုပ်ရမည်။

**ဘိလစ်**

၅။ တရားရေးဦးစီးမှူးသည် တရားရေးအရာရှိတစ်ဦးကို တရားလွှတ်တော်၏ ဘိလစ်အဖြစ် တာဝန်ပေး ရမည်။

၆။ ဘိလစ်သည် တရားရေးဦးစီးမှူး၏ တိုက်ရိုက်ကြီးကြပ်မှုကို ခံယူပြီး တရားလွှတ်တော်ဘိလစ်ဌာနရှိ ငွေကိုင်စာရေးနှင့် ဆင့်စာလုလင်တို့ကို ကြီးကြပ်အုပ်ချုပ်ရမည်။

၇။ ဘိလစ်သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က သတ်မှတ်သည့်ပုံစံ၊ အမျိုးအစားနှင့် ငွေအရေ အတွက်အတိုင်း ခံဝန်ချုပ်ဆိုရမည်။

**ဆင့်စာလုလင်များ**

၈။ (က) တရားရေးဦးစီးမှူးသည် တရားလွှတ်တော်က ထုတ်ဆင့်သည့် သို့မဟုတ် ချအပ်ရန်ရရှိသည့် အမိန့်ဆင့်စာများကို ချအပ်အတည်ပြုရန် ဆင့်စာလုလင်များကို ပြည်ထောင်စုတရား လွှတ်တော်ချုပ်၏ ခွင့်ပြုချက်နှင့်အညီ ခန့်ထားရမည်။

(ခ) ဆင့်စာလုလင်အဖြစ် ဆောင်ရွက်ရန် သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံခြင်းမရှိသူ အား ဆင့်စာလုလင်အဖြစ် ခန့်ထားခြင်းမရှိစေရ။

**ထားရှိရမည့် မှတ်ပုံတင်စာရင်းစာအုပ်များ**

၉။ ဘိလစ်သည် တရားရေးဦးစီးမှူး၏ ကြီးကြပ်အုပ်ချုပ်မှုကို နာခံလျက် ပြည်ထောင်စုတရား လွှတ်တော်ချုပ်က သတ်မှတ်သည့်ပုံစံများ၊ ညွှန်ကြားချက်များနှင့်အညီ အမိန့်ဆင့်စာများကို ချအပ်အတည် ပြုခြင်းနှင့်စပ်လျဉ်းသည့် မှတ်ပုံတင်စာရင်းစာအုပ်များကို ထားရှိရမည်။

**အမိန့်ဆင့်စာများ ချအပ်အတည်ပြုသည့်အတွက် ကောက်ခံထိုက်သည့်အခကြေးငွေ**

၁၀။ နည်းဥပဒေ ၁၁ တွင် ဖော်ပြပါရှိသည့် ကင်းလွတ်ချက်များကို အထောက်အထားပြု၍ အမိန့်ဆင့်စာ ထုတ်စေလိုသူထံမှသော်လည်းကောင်း၊ အမိန့်ဆင့်စာထုတ်လျှင် အကျိုးခံစားရမည့်သူထံမှသော်လည်းကောင်း အမိန့်ဆင့်စာအသီးသီးအတွက် အောက်ပါနှုန်းထားများအတိုင်း အခကြေးငွေများကို ကောက်ခံရမည် -

| | | | ကျပ် |
|---|---|---|---|
| (က) ဆင့်စာ | (၁) | တရားခံတစ်ဦးလျှင် သို့မဟုတ် တရားပြိုင်တစ်ဦးလျှင် ............ | ၃၀၀ |
| | (၂) | သက်သေတစ်ဦးလျှင် ............ | ၂၀၀ |
| (ခ) အယူခံမှုတွင် အယူခံတရားခံ သို့မဟုတ် အယူခံတရားပြိုင်သို့ ချအပ်ရန် နို့တစ်စာ ............ | | | ၃၀၀ |
| (ဂ) ဝရမ်းစာ | (၁) | လူဖမ်းဝရမ်းတွင် လူတစ်ဦးလျှင် ............ | ၆၀၀ |
| | (၂) | ပစ္စည်းဖမ်းဝရမ်းတွင် - | |
| | | (កក) ဝရမ်းစာ သို့မဟုတ် တားမြစ်ချက် အမိန့်စာတစ်စောင်လျှင် ............ | ၆၀၀ |
| | | (ခခ) ဝရမ်းစွဲကပ်သည့်ပစ္စည်းကို စောင့်ကြပ်ကြည့်ရှုရသူအသီးသီးအတွက် စောင့်ထိန်းခတစ်နေ့လျှင် ............ | ၃၀၀ |
| (ဃ) အခြားအမိန့်ဆင့်စာ ............ | | | ၂၀၀ |

**အခကြေးငွေကောက်ခံခြင်းမပြုရသည့် အမိန့်ဆင့်စာများ**

၁၁။ (က) အောက်ပါအမိန့်ဆင့်စာများအတွက် အခကြေးငွေကောက်ခံခြင်းမရှိစေရ -

(၁) မှားယွင်းမှုကြောင့်သော်လည်းကောင်း၊ တရားလွှတ်တော်၏ ရွှေ့ဆိုင်းမှုကြောင့်သော်လည်းကောင်း ထုတ်ရသည့် အမိန့်ဆင့်စာ သို့မဟုတ် တစ်ဖန်ပြန်၍ထုတ်ရသည့် အမိန့်ဆင့်စာ၊

(၂) တရားလွှတ်တော် အဆောက်အအုံ၌ဖြစ်စေ၊ အစိုးရရုံးဌာန၌ဖြစ်စေ စွဲကပ်သည့် အမိန့်ဆင့်စာ မူရင်းခွဲ၊

(၃) ဝရမ်းခွာကြောင်း သို့မဟုတ် ရောင်းခြင်းကို ရွှေ့ဆိုင်းကြောင်း အကြောင်းကြားသည့် အမိန့်စာ၊

(၄) လူတစ်ဦးတစ်ယောက်ကို ချုပ်ထားရန်ဖြစ်စေ၊ အချုပ်မှလွှတ်ရန်ဖြစ်စေ အကျဉ်းထောင်တာဝန်ခံအရာရှိထံ ဆင့်ဆိုသည့် အမိန့်စာ၊

(၅) အခကြေးငွေမကောက်ခံရဟု ဖော်ပြပြီး တရားလွှတ်တော်က မိမိအလိုအလျောက်ထုတ်သည့် အမိန့်ဆင့်စာ၊

(၆) တရားလွှတ်တော်၏ အခွင့်အာဏာကို မထီမဲ့မြင်ပြုသည့်စကားနှင့် အပြုအမူတစ်ရပ်ရပ်အတွက် အရေးယူရန်နှင့် အပြစ်ပေးရန်အလို့ငှာ တရားလွှတ်တော်က မိမိအလိုအလျောက် ထုတ်သည့် အမိန့်ဆင့်စာ။

(ခ) ပြစ်မှုမူလစီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံးရာတွင် တရားလွှတ်တော်သည် အောက်ပါ အမိန့်ဆင့်စာများအတွက် အခကြေးငွေကောက်ခံခြင်းမရှိစေရ -

(၁) အရေးယူပိုင်သည့်အမှုတွင် ထုတ်သည့် အမိန့်ဆင့်စာ၊

(၂) မိမိအလိုအလျောက် ထုတ်သည့် အမိန့်ဆင့်စာ။

(ဂ) တရားမမူလစီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံးရာတွင် တရားလွှတ်တော်သည် အောက်ပါ အမိန့်ဆင့်စာများအတွက် အခကြေးငွေကောက်ခံခြင်း မရှိစေရ -

(၁) တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၃၊ ၂၅ သို့မဟုတ် ၂၈ အရ ပြန်ပို့သည့်အမှုများတွင်သော်လည်းကောင်း၊ အမိန့် ၄၄၊ နည်းဥပဒေ ၂ အရ ပို့သည့်အမှုများတွင်သော်လည်းကောင်း တရားရုံးသို့ လာရောက်ရန် နေ့ရက်ချိန်းဆိုသတ်မှတ်သည့် နို့တစ်စာ၊

(၂) မူလအမိန့်ဆင့်စာအတွက် သတ်မှတ်သော အခကြေးငွေကို ကောက်ခံပြီးဖြစ်သည့်အခါ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၃၅၊ ၃၆၊ ၄၄၊ ၄၅၊ ၅၄၊ ၆၇ (၁) နှင့် ၉၆ များအရဖြစ်စေ၊ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ သို့မဟုတ် ပုဒ်မ ၃၇၃ အရဖြစ်စေ စွဲကပ်သည့် အမိန့်ဆင့်စာမူရင်းခွဲ။

၁၂။ နည်းဥပဒေ ၁၀ အရ ကောက်ခံရမည့် အမိန့်ဆင့်စာခနှုန်းထားနှင့် နည်းဥပဒေ ၁၁ အရ ကင်းလွတ်ခွင့်ပြုသည့် အမိန့်ဆင့်စာများစာရင်းတစ်စောင်ကို တရားလွှတ်တော်အဆောက်အအုံတွင် အများပြည်သူတို့ဝင်ထွက်သွားလာနိုင်သည့် ထင်ရှားမြင်သာသောနေရာ၌ စွဲကပ်ထားရမည်။

၁၃။ အမိန့်ဆင့်စာများ ချအပ်အတည်ပြုခြင်းနှင့်စပ်လျဉ်း၍ အရပ်ရပ်ကုန်ကျသည့် စာပို့ခများနှင့် အခြားအသေးသုံးစရိတ်များအတွက် အစိုးရက ထုတ်ပေးမည်ဖြစ်သည်။ ထို့ပြင် နည်းဥပဒေ ၁၀ အရ ပြဋ္ဌာန်းသတ်မှတ်သည့် အမိန့်ဆင့်စာခများအပြင် အခြားမည်သည့်အခကြေးငွေကိုမျှ အမိန့်ဆင့်စာ ထုတ်ပေးစေလိုသူများထံမှသော်လည်းကောင်း၊ အမှုတစ်ခုခုတွင် တရားရုံးက အမိန့်ဆင့်စာခပေးရန် အမိန့်ချမှတ်ခြင်းခံရသော အခြားသူတစ်ဦးဦးထံမှသော်လည်းကောင်း ကောက်ခံခြင်းမရှိစေရ။

**ခြွင်းချက်**။ သို့ရာတွင် အမိန့်ဆင့်စာကို အမြန်ချောစာပို့ဖြင့် လျှောက်သူက ပေးပို့စေလိုသည့်အချက်တွင် အမိန့်ဆင့်စာခအပြင် အမြန်ချောစာပို့ခကို ကောက်ခံရမည်။

## အမိန့်ဆင့်စာခများကို ကောက်ခံရန်နည်းလမ်း

၁၄။ အမိန့်ဆင့်စာ ထုတ်စေလိုသည့်သူထံမှဖြစ်စေ၊ တရားလွှတ်တော်၏ ဆင့်ဆိုချက်အရ ပေးဆောင်ရမည့်သူထံမှဖြစ်စေ အမိန့်ဆင့်စာကို ချအပ် သို့မဟုတ် အတည်ပြုရန် ရေးသားခြင်းမပြုမီ အမိန့်ဆင့်စာခကို အရကောက်ခံရမည်။ ထိုသို့ ကောက်ခံရာတွင် -

(က) နည်းဥပဒေ ၁၀ (ဂ) (၂) (ခခ) အရ ပြဋ္ဌာန်းသည့် စောင့်ထိန်းခဖြစ်လျှင် ငွေသားဖြင့် ကောက်ခံရမည်။

(ခ) အခြားအချက်တစ်ရပ်ရပ်တွင် ရုံးခွန်တံဆိပ်ခေါင်းများဖြင့် ကောက်ခံရမည်။ ထိုတံဆိပ်ခေါင်းများကို အမိန့်ဆင့်စာထုတ်ရန် လျှောက်ထားသည့် လျှောက်လွှာတွင်သော်လည်းကောင်း၊ အမိန့်ဆင့်စာကို ထုတ်ရန် ဆင့်ဆိုသည့်အမိန့်စာတွင်သော်လည်းကောင်း ကပ်ရမည်။

(ဂ) အမိန့်ဆင့်စာခများအတွက် ရုံးခွန်တံဆိပ်ခေါင်းများကို လက်ခံရရှိသည့်အခါ ရရှိကြောင်း ပြေစာပေးရမည်။

## အထွေထွေ

၁၅။ (က) ပြစ်မှုစီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံးရာ၌ တရားလွှတ်တော်က ထုတ်ဆင့်သည့် လူဖမ်းဝရမ်းစာများကို အတည်ပြုရန်အတွက် သာမန်အားဖြင့် ရဲစခန်းသို့ ပေးပို့ရမည်။

(ခ) မိမိတရားလွှတ်တော်၏ စီရင်ပိုင်ခွင့်ပြင်ပတွင် ချအပ် သို့မဟုတ် အတည်ပြုရမည့် အခြားအမိန့်ဆင့်စာအရပ်ရပ်နှင့်စပ်လျဉ်း၍ ထိုအမိန့်ဆင့်စာကို ချအပ် သို့မဟုတ် အတည်ပြုစေလိုသည့်မြို့နယ်ရှိ မြို့နယ်တရားရုံးသို့ ပေးပို့ရမည်။

၁၆။ အမိန့်ဆင့်စာကို ချအပ် သို့မဟုတ် အတည်ပြုရန် ဘီလစ်ထံသို့မပို့မီ ထိုအမိန့်ဆင့်စာပေါ်တွင် "အခကြေး ကျပ် .......... ပေးပြီး"၊ သို့မဟုတ် "နည်းဥပဒေ ၁၁ ( ) အရ ကင်းလွတ်ခွင့်ပြုသည်" ဆိုသော စကားရပ်ကို ရေးသားရမည်။ ထိုသို့ ရေးရာ၌ နည်းဥပဒေ ၁၀ အရ ကောက်ခံသည့် အခကြေးငွေဖြစ်စေ၊ အမိန့်ဆင့်စာကို အခကြေးငွေကင်းလွတ်ခွင့်ပြုသည့် နည်းဥပဒေ ၁၁ ပါ အပိုဒ်နံပါတ်ဖြစ်စေ သက်ဆိုင်ရာ ကွက်လပ်တွင် ထည့်သွင်းရမည်။

၁၇။ အမိန့်ဆင့်စာကို ချအပ်ရန် အခြားတရားရုံးသို့ ပေးပို့သည့်အခါ သတ်မှတ်သည့် အခကြေးငွေ ကောက်ခံပြီးကြောင်း သို့မဟုတ် အမိန့်ဆင့်စာမှာ အခကြေးငွေ ကင်းလွတ်ခွင့်ပြုကြောင်းကို ထိုအမိန့်ဆင့်စာ ပေါ်တွင် ရေးသားဖော်ပြ၍ ပေးပို့ရမည်။ ဖော်ပြပါ အမိန့်ဆင့်စာကို ရရှိသည့် တရားရုံးသည် နောက်ထပ် အခကြေးငွေမယူဘဲ အမိန့်ဆင့်စာ ချအပ်ခွင့်ရှိသည်။

၁၈။ ၁၉၄၀ ခုနှစ်၊ နိုဝင်ဘာလ ၂၅ နေ့စွဲပါ တရားရေးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၃၁၆ ဖြင့် ထုတ်ပြန်ထားသည့် High Court Process Fees Rules ကို ဤနည်းဥပဒေများဖြင့် ရုပ်သိမ်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် ၄၆/၂၀၁၃

၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက် )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စု တရားစီရင်ရေးဥပဒေပုဒ်မ ၇၃ နှင့် The Process Fees Act ပုဒ်မ ၃ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤနည်းဥပဒေများကို **ခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးများဆိုင်ရာအမိန့်ဆင့်စာခနည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများသည် ခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးများအားလုံးနှင့် သက်ဆိုင်စေရမည်။

၃။ ဤနည်းဥပဒေများတွင် -

(က) **"တရားရေးဦးစီးမှူး"** ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားရေးဦးစီးမှူးကို ဆိုသည်။

(ခ) **"ဘီလစ်"** ဆိုသည်မှာ ခရိုင်တရားရုံး သို့မဟုတ် မြို့နယ်တရားရုံးတွင် ဘီလစ်တာဝန်ပေးအပ်ခြင်း ခံရသော အရာရှိ သို့မဟုတ် ဝန်ထမ်းကို ဆိုသည်။

(ဂ) **"အမိန့်ဆင့်စာ"** ဆိုသည်မှာ တရားခံ သို့မဟုတ် တရားပြိုင် သို့မဟုတ် သက်သေသို့ ချအပ်ရန် ဆင့်စာ၊ ပစ္စည်းဖမ်းဝရမ်းစာ သို့မဟုတ် လူဖမ်းဝရမ်းစာ၊ ထို့ပြင် တရားမနှင့်ဆိုင်သည်ဖြစ်စေ၊ ပြစ်မှုနှင့်ဆိုင်သည်ဖြစ်စေ၊ အများနှင့်ဆိုင်သည်ဖြစ်စေ ထုတ်ဆင့်သည့် နို့တစ်စာ၊ ကြော်ငြာစာ၊ တားဝရမ်းစာ သို့မဟုတ် အမိန့်စာများ ပါဝင်သည်။

**ကြီးကြပ်အုပ်ချုပ်ခြင်း**

၄။ အမိန့်ဆင့်စာချအပ်ခြင်းနှင့်စပ်လျဉ်း၍ ဘီလစ်နှင့် ဆင့်စာလုလင်များကို ခရိုင်တရားရုံးတွင် ခရိုင်တရားသူကြီးကလည်းကောင်း၊ မြို့နယ်တရားရုံးတွင် မြို့နယ်တရားသူကြီးကလည်းကောင်း ကြီးကြပ်အုပ်ချုပ်ရမည်။

**ဘီလစ်**

၅။ (က) ခရိုင်တရားရုံးတွင် ခရိုင်တရားသူကြီးက ဒုတိယဦးစီးမှူးတစ်ဦးအား ဘီလစ်အဖြစ် တာဝန်ပေးရမည်။ ဒုတိယဦးစီးမှူးမရှိလျှင် အကြီးတန်းစာရေးထက်မနိမ့်သော ဝန်ထမ်းတစ်ဦးအား ဘီလစ်အဖြစ် တာဝန်ပေးရမည်။

(ခ) မြို့နယ်တရားရုံးတွင် မြို့နယ်တရားသူကြီးက အကြီးတန်းစာရေးထက်မနိမ့်သော ဝန်ထမ်းတစ်ဦးအား ဘီလစ်အဖြစ် တာဝန်ပေးရမည်။

၆။ ဘီလစ်သည် ခရိုင်တရားရုံးတွင် ခရိုင်တရားသူကြီး၊ မြို့နယ်တရားရုံးတွင် မြို့နယ်တရားသူကြီး၏ တိုက်ရိုက်ကြီးကြပ်မှုကို ခံယူပြီး သက်ဆိုင်ရာဘီလစ်ဌာနရှိ ငွေကိုင်စာရေးနှင့် ဆင့်စာလုလင်တို့ကို ကြီးကြပ်အုပ်ချုပ်ရမည်။

၇။ ဘီလစ်သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က သတ်မှတ်သည့်ပုံစံ၊ အမျိုးအစားနှင့် ငွေအရေအတွက်အတိုင်း ခံဝန်ချုပ်ဆိုရမည်။

**ဆင့်စာလုလင်များ**

၈။ (က) တရားရေးဦးစီးမှူးသည် ခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးများက ထုတ်ဆင့်သည့် သို့မဟုတ် ချအပ်ရန်ရရှိသည့် အမိန့်ဆင့်စာများကို ချအပ်အတည်ပြုရန် ဆင့်စာလုလင်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ခွင့်ပြုချက်နှင့်အညီ ခန့်ထားရမည်။

(ခ) ဆင့်စာလုလင်အဖြစ် ဆောင်ရွက်ရန် သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံခြင်းမရှိသူအား ဆင့်စာလုလင်အဖြစ် ခန့်ထားခြင်းမရှိစေရ။

**ထားရှိရမည့် မှတ်ပုံတင်စာရင်းစာအုပ်များ**

၉။ ဘီလစ်သည် ခရိုင်တရားသူကြီး သို့မဟုတ် မြို့နယ်တရားသူကြီး၏ ကြီးကြပ်အုပ်ချုပ်မှုကို နာခံလျက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က သတ်မှတ်သည့် ပုံစံများ၊ ညွှန်ကြားချက်များနှင့်အညီ အမိန့်ဆင့်စာများကို ချအပ်အတည်ပြုခြင်းနှင့်စပ်လျဉ်းသည့် မှတ်ပုံတင်စာရင်းစာအုပ်များကို ထားရှိရမည်။

**အမိန့်ဆင့်စာများ ချအပ်အတည်ပြုသည့်အတွက် ကောက်ခံထိုက်သည့်အခကြေးငွေ**

၁၀။ နည်းဥပဒေ ၁၁ တွင် ဖော်ပြပါရှိသည့် ကင်းလွတ်ချက်များကို အထောက်အထားပြု၍ အမိန့်ဆင့်စာထုတ်စေလိုသူထံမှသော်လည်းကောင်း၊ အမိန့်ဆင့်စာထုတ်လျှင် အကျိုးခံစားရမည့်သူထံမှသော်လည်းကောင်း အမိန့်ဆင့်စာအသီးသီးအတွက် အောက်ပါနှုန်းထားများအတိုင်း အမိန့်ဆင့်စာခများကို ကောက်ခံရမည် -

| | | | ကျပ် |
|---|---|---|---|
| (က) | ဆင့်စာ | (၁) တရားခံ သို့မဟုတ် တရားပြိုင်တစ်ဦးလျှင် .......................... | ၂၀၀ |
| | | (၂) သက်သေတစ်ဦးလျှင် ...................................................... | ၁၀၀ |
| (ခ) | အယူခံမှုတွင် အယူခံတရားခံ (သို့မဟုတ်) အယူခံ တရားပြိုင်သို့ ချအပ်ရန် နို့တစ်စာ ............................................................ | | ၂၀၀ |

(ဂ) ဝရမ်းစာ (၁) လူဖမ်းဝရမ်းတွင် လူတစ်ဦးလျှင် ....................................... ၅၀၀

(၂) ပစ္စည်းဖမ်းဝရမ်းတွင် -

(ကက) ဝရမ်းစာ သို့မဟုတ် တားမြစ်ချက်အမိန့် စာတစ်စောင်လျှင် ............................................ ၅၀၀

(ခခ) ဝရမ်းစွဲကပ်သည့်ပစ္စည်းကို စောင့်ကြပ် ကြည့်ရှုရသူအသီးသီးအတွက် စောင့်ထိန်းခ တစ်နေ့လျှင် ..................................................... ၂၀၀

(ဃ) အခြားအမိန့်ဆင့်စာ ............................................................................. ၁၀၀

**အခကြေးငွေကောက်ခံခြင်းမပြုရသည့် အမိန့်ဆင့်စာများ**

၁၁။ (က) အောက်ပါအမိန့်ဆင့်စာများအတွက် အခကြေးငွေကောက်ခံခြင်းမရှိစေရ -

(၁) မှားယွင်းမှုကြောင့်သော်လည်းကောင်း၊ တရားရုံး၏ ရွှေ့ဆိုင်းမှုကြောင့်သော်လည်းကောင်း ထုတ်ရသည့် အမိန့်ဆင့်စာ သို့မဟုတ် တစ်ဖန်ပြန်၍ထုတ်ရသည့် အမိန့်ဆင့်စာ၊

(၂) တရားရုံး အဆောက်အအုံ၌ဖြစ်စေ၊ အစိုးရရုံးဌာန၌ဖြစ်စေ စွဲကပ်သည့် အမိန့်ဆင့်စာ မူရင်းခွဲ၊

(၃) ဝရမ်းခွာကြောင်း သို့မဟုတ် ရောင်းခြင်းကို ရွှေ့ဆိုင်းကြောင်း အကြောင်းကြားသည့် အမိန့်စာ၊

(၄) လူတစ်ဦးတစ်ယောက်ကို ချုပ်ထားရန်ဖြစ်စေ၊ အချုပ်မှလွှတ်ရန်ဖြစ်စေ အကျဉ်းထောင် တာဝန်ခံအရာရှိထံ ဆင့်ဆိုသည့် အမိန့်စာ၊

(၅) အခကြေးငွေမကောက်ခံရဟု ဖော်ပြပြီး တရားရုံးက မိမိအလိုအလျောက်ထုတ်သည့် အမိန့် ဆင့်စာ။

(ခ) ပြစ်မှုမူလစီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံးရာတွင် တရားရုံးသည် အောက်ပါ အမိန့်ဆင့်စာများ အတွက် အခကြေးငွေကောက်ခံခြင်းမရှိစေရ -

(၁) အရေးယူပိုင်သည့်အမှုတွင် ထုတ်သည့် အမိန့်ဆင့်စာ၊

(၂) မိမိအလိုအလျောက် ထုတ်သည့် အမိန့်ဆင့်စာ၊

(၃) ရာဇသတ်ကြီးပုဒ်မ ၂၁ တွင် အဓိပ္ပာယ်ဖော်ပြထားသည့် ပြည်သူ့ဝန်ထမ်းက ပြည်သူ့ ဝန်ထမ်းအနေနှင့် ဆောင်ရွက်ရာ၌ သို့မဟုတ် ဆောင်ရွက်သည့်သဘောသက်ရောက်ရာ၌ ပြုလုပ်သော တိုင်လျှောက်သည့်အမှုတွင် ထုတ်သည့် အမိန့်ဆင့်စာ။

(ဂ) တရားမမူလစီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံးရာတွင် တရားရုံးသည် အောက်ပါ အမိန့်ဆင့်စာ များအတွက် အခကြေးငွေကောက်ခံခြင်း မရှိစေရ -

(၁) တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၃၊ ၂၅ သို့မဟုတ် ၂၈ အရ ပြန်ပို့သည့် အမှုများတွင်သော်လည်းကောင်း၊ အမိန့် ၄၄၊ နည်းဥပဒေ ၂ အရ ပို့သည့်အမှုများတွင်သော် လည်းကောင်း တရားရုံးသို့ လာရောက်ရန် နေ့ရက်ချိန်းဆိုသတ်မှတ်သည့် နို့တစ်စာ၊

(၂) မူလအမိန့်ဆင့်စာအတွက် သတ်မှတ်သော အခကြေးငွေကို ကောက်ခံပြီးဖြစ်သည့်အခါ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၃၅၊ ၃၆၊ ၄၄၊ ၄၅၊ ၅၄၊ ၆၇ (၁) နှင့် ၉၆ များ အရဖြစ်စေ၊ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ သို့မဟုတ် ပုဒ်မ ၃၇၃ အရဖြစ်စေ စွဲကပ်သည့် အမိန့်ဆင့်စာမူရင်းခွဲ။

၁၂။ နည်းဥပဒေ ၁၀ အရ ကောက်ခံရမည့် အမိန့်ဆင့်စာခနှုန်းထားနှင့် နည်းဥပဒေ ၁၁ အရ ကင်းလွတ်ခွင့်ပြုသည့် အမိန့်ဆင့်စာများစာရင်းတစ်စောင်ကို တရားရုံးအဆောက်အအုံတွင် အများပြည်သူတို့ ဝင်ထွက်သွားလာနိုင်သည့် ထင်ရှားမြင်သာသောနေရာ၌ စွဲကပ်ထားရမည်။

၁၃။ အမိန့်ဆင့်စာများ ချအပ်အတည်ပြုခြင်းနှင့်စပ်လျဉ်း၍ အရပ်ရပ်ကုန်ကျသည့် စာပို့ခများနှင့် အခြားအသေးသုံးစရိတ်များအတွက် အစိုးရက ထုတ်ပေးမည်ဖြစ်သည်။ ထို့ပြင် နည်းဥပဒေ ၁၀ အရ ပြဋ္ဌာန်းသတ်မှတ်သည့် အမိန့်ဆင့်စာခများအပြင် အခြားမည်သည့်အခကြေးငွေကိုမျှ အမိန့်ဆင့်စာ ထုတ်ပေးစေလိုသူများထံမှသော်လည်းကောင်း၊ အမှုတစ်ခုခုတွင် တရားရုံးက အမိန့်ဆင့်စာချပေးရန် အမိန့်ချမှတ်ခြင်းခံရသော အခြားသူတစ်ဦးဦးထံမှသော်လည်းကောင်း ကောက်ခံခြင်းမရှိစေရ။

**ခြွင်းချက်**။ သို့ရာတွင် အမိန့်ဆင့်စာကို အမြန်ချောစာပို့ဖြင့် လျှောက်သူက ပေးပို့စေလိုသည့်အချက်တွင် အမိန့်ဆင့်စာခအပြင် အမြန်ချောစာပို့ခကို ကောက်ခံရမည်။

**အမိန့်ဆင့်စာခများကို ကောက်ခံရန်နည်းလမ်း**

၁၄။ အမိန့်ဆင့်စာ ထုတ်စေလိုသည့်သူထံမှဖြစ်စေ၊ တရားရုံး၏ ဆင့်ဆိုချက်အရ ပေးဆောင်ရမည့်သူထံမှဖြစ်စေ အမိန့်ဆင့်စာကို ချအပ် သို့မဟုတ် အတည်ပြုရန် ရေးသားခြင်းမပြုမီ အမိန့်ဆင့်စာခကို အရကောက်ခံရမည်။ ထိုသို့ ကောက်ခံရာတွင် -

(က) နည်းဥပဒေ ၁၀ (ဂ) (၂) (ခခ) အရ ပြဋ္ဌာန်းသည့် စောင့်ထိန်းခဖြစ်လျှင် ငွေသားဖြင့် ကောက်ခံရမည်။

(ခ) အခြားအချက်တစ်ရပ်ရပ်တွင် ရုံးခွန်တံဆိပ်ခေါင်းများဖြင့် ကောက်ခံရမည်။ ထိုတံဆိပ်ခေါင်းများကို အမိန့်ဆင့်စာထုတ်ရန် လျှောက်ထားသည့် လျှောက်လွှာတွင်သော်လည်းကောင်း၊ အမိန့်ဆင့်စာကို ထုတ်ရန် ဆင့်ဆိုသည့်အမိန့်စာတွင်သော်လည်းကောင်း ကပ်ရမည်။

(ဂ) အမိန့်ဆင့်စာခများအတွက် ရုံးခွန်တံဆိပ်ခေါင်းများကို လက်ခံရရှိသည့်အခါ ရရှိကြောင်း ပြေစာပေးရမည်။

**အထွေထွေ**

၁၅။ (က) ပြစ်မှုစီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံးရာ၌ တရားရုံးက ထုတ်ဆင့်သည့် လူဖမ်းဝရမ်းစာများကို အတည်ပြုရန်အတွက် သာမန်အားဖြင့် ရဲစခန်းသို့ ပေးပို့ရမည်။

(ခ) မိမိတရားရုံး၏ စီရင်ပိုင်ခွင့်ပြင်ပတွင် ချအပ် သို့မဟုတ် အတည်ပြုရမည့် အခြားအမိန့်ဆင့်စာအရပ်ရပ်နှင့်စပ်လျဉ်း၍ ထိုအမိန့်ဆင့်စာကို ချအပ် သို့မဟုတ် အတည်ပြုစေလိုသည့် မြို့နယ်ရှိ မြို့နယ်တရားရုံးသို့ ပေးပို့ရမည်။

၁၆။ အမိန့်ဆင့်စာကို ချအပ် သို့မဟုတ် အတည်ပြုရန် ဘီလစ်ထံသို့မပို့မီ ထိုအမိန့်ဆင့်စာပေါ်တွင် "အခငွေ ကျပ် .......... ပေးပြီး"၊ သို့မဟုတ် "နည်းဥပဒေ ၁၁ (   ) အရ ကင်းလွတ်ခွင့်ပြုသည်" ဆိုသောစကားရပ်ကို ရေးသားရမည်။ ထိုသို့ ရေးရာ၌ နည်းဥပဒေ ၁၀ အရ ကောက်ခံသည့် အခကြေးငွေဖြစ်စေ၊ အမိန့်ဆင့်စာကို အခကြေးငွေကင်းလွတ်ခွင့်ပြုသည့် နည်းဥပဒေ ၁၁ ပါ အပိုဒ်နံပါတ်ဖြစ်စေ သက်ဆိုင်ရာကွက်လပ်တွင် ထည့်သွင်းရမည်။

၁၇။ အမိန့်ဆင့်စာကို ချအပ်ရန် အခြားတရားရုံးသို့ ပေးပို့သည့်အခါ သတ်မှတ်သည့် အခကြေးငွေကောက်ခံပြီးကြောင်း သို့မဟုတ် အမိန့်ဆင့်စာမှာ အခကြေးငွေ ကင်းလွတ်ခွင့်ပြုကြောင်းကို ထိုအမိန့်ဆင့်စာပေါ်တွင် ရေးသားဖော်ပြ၍ ပေးပို့ရမည်။ ဖော်ပြပါ အမိန့်ဆင့်စာရရှိသည့် တရားရုံးသည် နောက်ထပ်အခကြေးငွေမယူဘဲ အမိန့်ဆင့်စာ ချအပ်ခွင့်ရှိသည်။

၁၈။ ၁၉၅၂ ခုနှစ်၊ အောက်တိုဘာလ ၁၄ နေ့စွဲပါ တရားရေးဌာန၏ အမိန့်ကြော်ငြာအမှတ် ၃၆၇ ဖြင့် ထုတ်ပြန်ထားသည့် Process Fees Rules ကို ဤနည်းဥပဒေများဖြင့် ရုပ်သိမ်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၁၃**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်
( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက် )

**ညွှန်ကြားရေးမှူးချုပ်တာဝန် ထမ်းဆောင်ခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀၆/၂၀၁၂ ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၂၁၀,၀၀၀-၂,၀၀၀-၂၂၀,၀၀၀) ရာထူးနေရာတွင် ခန့်ထားခဲ့သည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဌာနကြီးမှူး/တွဲဖက်အတွင်းရေးမှူး ဦးတင်ထွန်းသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်၏ ရာထူးတာဝန်ဝတ္တရားများကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့ နံနက်ပိုင်းမှစ၍ လက်ခံဆောင်ရွက်သည်။

တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၁၃**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်
( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက် )

**ညွှန်ကြားရေးမှူးချုပ်တာဝန် လွှဲပြောင်းထမ်းဆောင်စေခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀၆/၂၀၁၂ ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဌာနကြီးမှူး/တွဲဖက်အတွင်းရေးမှူး ဦးတင်ထွန်းအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၂၁၀,၀၀၀-၂,၀၀၀-၂၂၀,၀၀၀) ရာထူးနေရာတွင် ခန့်ထားပြီးဖြစ်၍ ခေတ္တ

ညွှန်ကြားရေးမှူးချုပ် ဦးဇေယျဇော်ထံမှ ညွှန်ကြားရေးမှူးချုပ် တာဝန်ဝတ္တရားများကို ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွန်းထံသို့ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့ နံနက်ပိုင်းမှစ၍ ပြန်လည်လွှဲပြောင်းထမ်းဆောင်စေလိုက်သည်။

တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## **ပြန်ကြားရေးဝန်ကြီးဌာန**

၁၃၇၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်
( ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက် )

အမှတ် ၁၀၉ ။ ။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံးမှ ပြန်ကြားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်စေခဲ့သည့် ကြည်း ၃၅၃၈၉ ဗိုလ်ကြီးကျော်မျိုးနိုင်အား ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး အဖွဲ့ခွဲ (၂) တွင် လစ်လပ်လျက်ရှိသည့် ဌာနစုမှူး (ဦးစီးအရာရှိ) လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) ရာထူး၌ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

## **ဝန်ကြီးရုံး**

၁၃၇၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်
( ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက် )

အမှတ် ၁၁၀ ။ ။ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၂) မှ သဘောတူညီချက်အရ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သုတေသနနှင့်သတင်းအချက်အလက်ဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ဦးမြင့်ကျော်အား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သုတေသနနှင့်သတင်းအချက်အလက်ဌာနခွဲ၊ ညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ရာထူးသို့ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## **ဝန်ကြီးရုံး**

၁၃၇၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်
( ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက် )

အမှတ် ၁၁၁ ။ ။ ပြန်ကြားရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ရန် ပြည်ထဲရေးဝန်ကြီးဌာနမှ လွှဲပြောင်းပေးပို့လာသော မီးသတ်ဦးစီးဌာနမှ (မ-၀၂၂၀) လက်ထောက်ညွှန်ကြားရေးမှူး ဦးလှကြည် လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) အား ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အောင်ဆန်းပုံနှိပ်စက်ရုံ၊ စက်ရုံမှူး လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရာထူးနေရာ၌ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

ဦးအောင်ကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက် ( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### နိုင်ငံတော်သမ္မတရုံး

၁၃၇၄ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်

( ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက် )

အမှတ် ၄၃ ။ ။ ခွင့်ပြုထားသည့် နိုင်ငံတော်သမ္မတရုံးဖွဲ့စည်းပုံအရ သမ္မတရုံးဝန်ကြီးဌာန (၅) တွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူးရာထူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) နေရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ လွှဲပြောင်းတာဝန်ထမ်းဆောင်ခွင့်ပြုထားသည့် ဒုတိယ ညွှန်ကြားရေးမှူး ဦးသန့်ဇော်သန်းအား ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

လှထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
နိုင်ငံတော်သမ္မတရုံး။

**[ ယခင်အပတ်မှအဆက် ]**

**စစ်ရာထူးခန့်ချုပ်ရုံး**
**(ကြည်းတပ်ဌာနခွဲ)**
၁၃၇၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်
(၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်)

အမှတ် ၁၅၄/၂၀၁၂ ။ ။ အောက်ဖော်ပြပါ စစ်တက္ကသိုလ်၊ အမှတ်စဉ် (၅၅) ဗိုလ်လောင်းသင်တန်းမှ ဗိုလ်လောင်းများအား တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | |
|---|---|---|---|
| (၉၅) | မျိုးကိုကို | ကြည်း | ၆၃၅၂၈ |
| (၉၆) | ကျော်သူရိန်စိုး | ကြည်း | ၆၃၅၂၉ |
| (၉၇) | သက်နိုင်ထွန်း | ကြည်း | ၆၃၅၃၀ |
| (၉၈) | ဟိဏ်းထက်ဇော် | ကြည်း | ၆၃၅၃၁ |
| (၉၉) | ရန်ကျော်ငြိမ်း | ကြည်း | ၆၃၅၃၂ |
| (၁၀၀) | မင်းဦး | ကြည်း | ၆၃၅၃၃ |
| (၁၀၁) | ဖြိုးထက်ဝင်း | ကြည်း | ၆၃၅၃၄ |
| (၁၀၂) | အောင်စိုးလှိုင် | ကြည်း | ၆၃၅၃၅ |
| (၁၀၃) | အောင်မြင့်ထွန်း | ကြည်း | ၆၃၅၃၆ |
| (၁၀၄) | စိုးပြည့်စုံ | ကြည်း | ၆၃၅၃၇ |
| (၁၀၅) | စိုးထက်ပိုင် | ကြည်း | ၆၃၅၃၈ |
| (၁၀၆) | သိန်းဇော်အေး | ကြည်း | ၆၃၅၃၉ |
| (၁၀၇) | ညီညီထွန်း | ကြည်း | ၆၃၅၄၀ |
| (၁၀၈) | ရဲဝင်းညွန့် | ကြည်း | ၆၃၅၄၁ |
| (၁၀၉) | ထက်အောင် | ကြည်း | ၆၃၅၄၂ |
| (၁၁၀) | ဇော်ဌေး | ကြည်း | ၆၃၅၄၃ |
| (၁၁၁) | ဇော်ဟိန်း | ကြည်း | ၆၃၅၄၄ |
| (၁၁၂) | ဟိန်းသူလွင် | ကြည်း | ၆၃၅၄၅ |
| (၁၁၃) | ဖြိုးဇင်ဝင်း | ကြည်း | ၆၃၅၄၆ |
| (၁၁၄) | မင်းသူခိုင် | ကြည်း | ၆၃၅၄၇ |
| (၁၁၅) | မျိုးမြတ်ကို | ကြည်း | ၆၃၅၄၈ |
| (၁၁၆) | အောင်ခင်ဆန်း | ကြည်း | ၆၃၅၄၉ |
| (၁၁၇) | ထူးအောင် | ကြည်း | ၆၃၅၅၀ |
| (၁၁၈) | အောင်ငြိမ်းပိုင် | ကြည်း | ၆၃၅၅၁ |
| (၁၁၉) | ဟိန်းခန့်အောင် | ကြည်း | ၆၃၅၅၂ |
| (၁၂၀) | ဇော်မျိုးအောင် | ကြည်း | ၆၃၅၅၃ |
| (၁၂၁) | အောင်ကိုကို | ကြည်း | ၆၃၅၅၄ |
| (၁၂၂) | နိုင်စိုးမင်း | ကြည်း | ၆၃၅၅၅ |
| (၁၂၃) | မျိုးမင်းကျော် | ကြည်း | ၆၃၅၅၆ |
| (၁၂၄) | အောင်ထက်နိုင် | ကြည်း | ၆၃၅၅၇ |
| (၁၂၅) | စိုးနိုင်ဦး | ကြည်း | ၆၃၅၅၈ |
| (၁၂၆) | ဟိန်းလင်းအောင် | ကြည်း | ၆၃၅၅၉ |
| (၁၂၇) | ကောင်းခန့်ထွန်း | ကြည်း | ၆၃၅၆၀ |
| (၁၂၈) | အောင်ကျော်ဇေ | ကြည်း | ၆၃၅၆၁ |
| (၁၂၉) | ဇော်မင်းထက် | ကြည်း | ၆၃၅၆၂ |
| (၁၃၀) | ဖြိုးထက်ပိုင် | ကြည်း | ၆၃၅၆၃ |
| (၁၃၁) | အောင်ကိုမြတ် | ကြည်း | ၆၃၅၆၄ |
| (၁၃၂) | ရဲညွန့် | ကြည်း | ၆၃၅၆၅ |
| (၁၃၃) | ချမ်းငြိမ်းမောင် | ကြည်း | ၆၃၅၆၆ |
| (၁၃၄) | သန့်ဇင်ဖြိုး | ကြည်း | ၆၃၅၆၇ |
| (၁၃၅) | တေဇာလွင် | ကြည်း | ၆၃၅၆၈ |
| (၁၃၆) | မျိုးသက်နိုင် | ကြည်း | ၆၃၅၆၉ |
| (၁၃၇) | ဝေဖြိုးသိန်း | ကြည်း | ၆၃၅၇၀ |
| (၁၃၈) | ကျော်စိုးဦး | ကြည်း | ၆၃၅၇၁ |
| (၁၃၉) | ဝေယံကျော် | ကြည်း | ၆၃၅၇၂ |
| (၁၄၀) | ငြိမ်းချမ်းအောင် | ကြည်း | ၆၃၅၇၃ |
| (၁၄၁) | ပြည့်ဖြိုးကျော် | ကြည်း | ၆၃၅၇၄ |
| (၁၄၂) | ရာဇာလင်း | ကြည်း | ၆၃၅၇၅ |
| (၁၄၃) | ကျော်မင်းဌေး | ကြည်း | ၆၃၅၇၆ |
| (၁၄၄) | ဇော်လင်းထွန်း | ကြည်း | ၆၃၅၇၇ |
| (၁၄၅) | ချစ်ကောင်း | ကြည်း | ၆၃၅၇၈ |
| (၁၄၆) | ရဲကိုကို | ကြည်း | ၆၃၅၇၉ |
| (၁၄၇) | ဟိန်းသန့်နိုင် | ကြည်း | ၆၃၅၈၀ |
| (၁၄၈) | သက်နိုင်ဦး | ကြည်း | ၆၃၅၈၁ |
| (၁၄၉) | ဇော်သီဟဝင်း | ကြည်း | ၆၃၅၈၂ |
| (၁၅၀) | သောင်းလှိုင် | ကြည်း | ၆၃၅၈၃ |
| (၁၅၁) | ဇေယျာမင်း | ကြည်း | ၆၃၅၈၄ |
| (၁၅၂) | အောင်ပြည့်ဖြိုး | ကြည်း | ၆၃၅၈၅ |
| (၁၅၃) | ပြည့်ဖြိုးသူ | ကြည်း | ၆၃၅၈၆ |
| (၁၅၄) | သော်ကိုကို | ကြည်း | ၆၃၅၈၇ |
| (၁၅၅) | နိုင်ဖြိုး | ကြည်း | ၆၃၅၈၈ |
| (၁၅၆) | ကျော်ဇင်အောင် | ကြည်း | ၆၃၅၈၉ |
| (၁၅၇) | သက်ဦး | ကြည်း | ၆၃၅၉၀ |
| (၁၅၈) | ကျော်ဇင်သက် | ကြည်း | ၆၃၅၉၁ |
| (၁၅၉) | ဟိန်းမင်းစိုး | ကြည်း | ၆၃၅၉၂ |
| (၁၆၀) | သန်းဇော်ဌေး | ကြည်း | ၆၃၅၉၃ |
| (၁၆၁) | အောင်ဘုန်းခန့် | ကြည်း | ၆၃၅၉၄ |
| (၁၆၂) | ဖြိုးမောင်မောင်ကျော် | ကြည်း | ၆၃၅၉၅ |
| (၁၆၃) | ငြိမ်းချမ်းဦး | ကြည်း | ၆၃၅၉၆ |
| (၁၆၄) | အောင်ခန့်ပိုင် | ကြည်း | ၆၃၅၉၇ |
| (၁၆၅) | အာကာမျိုး | ကြည်း | ၆၃၅၉၈ |
| (၁၆၆) | တင့်နိုင်ထွန်း | ကြည်း | ၆၃၅၉၉ |
| (၁၆၇) | အောင်ဖြိုးထွေး | ကြည်း | ၆၃၆၀၀ |
| (၁၆၈) | ပြည့်ဖြိုးထွန်း | ကြည်း | ၆၃၆၀၁ |
| (၁၆၉) | စိုးမြတ်မင်း | ကြည်း | ၆၃၆၀၂ |
| (၁၇၀) | ဇော်ဇော်စိုး | ကြည်း | ၆၃၆၀၃ |
| (၁၇၁) | အေးသန့်ဇော် | ကြည်း | ၆၃၆၀၄ |
| (၁၇၂) | ဇော်မျိုးကို | ကြည်း | ၆၃၆၀၅ |
| (၁၇၃) | ဘုန်းဝင်းကျော် | ကြည်း | ၆၃၆၀၆ |
| (၁၇၄) | ဘုန်းမြတ်ဆွေ | ကြည်း | ၆၃၆၀၇ |
| (၁၇၅) | ဝေဖြိုးသူ | ကြည်း | ၆၃၆၀၈ |
| (၁၇၆) | ဇော်ငြိမ်းအောင် | ကြည်း | ၆၃၆၀၉ |
| (၁၇၇) | ချမ်းငြိမ်းအောင် | ကြည်း | ၆၃၆၁၀ |
| (၁၇၈) | ကျော်လင်းထွန်း | ကြည်း | ၆၃၆၁၁ |
| (၁၇၉) | အောင်မျိုးငြိမ်း | ကြည်း | ၆၃၆၁၂ |
| (၁၈၀) | အောင်အောင် | ကြည်း | ၆၃၆၁၃ |
| (၁၈၁) | မျိုးကိုအောင် | ကြည်း | ၆၃၆၁၄ |
| (၁၈၂) | ဝေဖြိုး | ကြည်း | ၆၃၆၁၅ |
| (၁၈၃) | လင်းထက်ပိုင် | ကြည်း | ၆၃၆၁၆ |
| (၁၈၄) | တင်မောင်မြင့် | ကြည်း | ၆၃၆၁၇ |
| (၁၈၅) | ထွန်းနောင် | ကြည်း | ၆၃၆၁၈ |

| | | | |
|---|---|---|---|
| (၁၈၆) | ဝေဖြိုးမြင့် | ကြည်း | ၆၃၆၁၉ |
| (၁၈၇) | ဇော်အောင် | ကြည်း | ၆၃၆၂၀ |
| (၁၈၈) | ဖြိုးစည်သူ | ကြည်း | ၆၃၆၂၁ |
| (၁၈၉) | အောင်ဖြိုးကျော် | ကြည်း | ၆၃၆၂၂ |
| (၁၉၀) | ရန်နိုင်စိုး | ကြည်း | ၆၃၆၂၃ |
| (၁၉၁) | ပြည့်ဖြိုးဇော် | ကြည်း | ၆၃၆၂၄ |
| (၁၉၂) | ကျော်သီဟ | ကြည်း | ၆၃၆၂၅ |
| (၁၉၃) | သက်ဇော် | ကြည်း | ၆၃၆၂၆ |
| (၁၉၄) | ဝေလင်းစိုး | ကြည်း | ၆၃၆၂၇ |
| (၁၉၅) | အောင်ရဲနိုင် | ကြည်း | ၆၃၆၂၈ |
| (၁၉၆) | ကျော်လွှမ်းမိုး | ကြည်း | ၆၃၆၂၉ |
| (၁၉၇) | လွင်ကျော် | ကြည်း | ၆၃၆၃၀ |
| (၁၉၈) | သန်းထက်အောင် | ကြည်း | ၆၃၆၃၁ |
| (၁၉၉) | နိုင်လင်းထူး | ကြည်း | ၆၃၆၃၂ |
| (၂၀၀) | ဌေးမောင် | ကြည်း | ၆၃၆၃၃ |
| (၂၀၁) | လှမိုးကျော် | ကြည်း | ၆၃၆၃၄ |
| (၂၀၂) | အောင်ရဲကျော် | ကြည်း | ၆၃၆၃၅ |
| (၂၀၃) | အောင်မျိုးထက် | ကြည်း | ၆၃၆၃၆ |
| (၂၀၄) | ဇော်ဇင်ဦး | ကြည်း | ၆၃၆၃၇ |
| (၂၀၅) | နိုင်မင်းချစ် | ကြည်း | ၆၃၆၃၈ |
| (၂၀၆) | ဝေမိုးထွန်း | ကြည်း | ၆၃၆၃၉ |
| (၂၀၇) | ရဲလွင်အောင် | ကြည်း | ၆၃၆၄၀ |
| (၂၀၈) | သက်လင်းထွန်း | ကြည်း | ၆၃၆၄၁ |
| (၂၀၉) | ကျော်ဇင်အောင် | ကြည်း | ၆၃၆၄၂ |
| (၂၁၀) | အောင်ကိုဇင် | ကြည်း | ၆၃၆၄၃ |
| (၂၁၁) | ညွန့်ဝင်းသန်း | ကြည်း | ၆၃၆၄၄ |
| (၂၁၂) | ဝေယံဖြိုး | ကြည်း | ၆၃၆၄၅ |
| (၂၁၃) | စိုးထက်ဝင်း | ကြည်း | ၆၃၆၄၆ |
| (၂၁၄) | လှမျိုးဦး | ကြည်း | ၆၃၆၄၇ |
| (၂၁၅) | ထက်ဝေအောင် | ကြည်း | ၆၃၆၄၈ |
| (၂၁၆) | မျိုးမင်းသူ | ကြည်း | ၆၃၆၄၉ |
| (၂၁၇) | ပြည့်ဖြိုးထက်ခိုင် | ကြည်း | ၆၃၆၅၀ |
| (၂၁၈) | သန်းထွန်းလွင် | ကြည်း | ၆၃၆၅၁ |
| (၂၁၉) | ဇေယျာမြင့် | ကြည်း | ၆၃၆၅၂ |
| (၂၂၀) | အောင်ကိုဇင် | ကြည်း | ၆၃၆၅၃ |
| (၂၂၁) | စိုးထိုက် | ကြည်း | ၆၃၆၅၄ |
| (၂၂၂) | ဘုန်းခန့်ကျော် | ကြည်း | ၆၃၆၅၅ |
| (၂၂၃) | ကျော်ရဲသူ | ကြည်း | ၆၃၆၅၆ |
| (၂၂၄) | သော်ဇင်သန့် | ကြည်း | ၆၃၆၅၇ |
| (၂၂၅) | မင်းဇင် | ကြည်း | ၆၃၆၅၈ |
| (၂၂၆) | ဝင်းမင်းဦး | ကြည်း | ၆၃၆၅၉ |
| (၂၂၇) | ဖြိုးသက်နောင် | ကြည်း | ၆၃၆၆၀ |
| (၂၂၈) | ကောင်းမြတ်သူ | ကြည်း | ၆၃၆၆၁ |
| (၂၂၉) | ရဲရင့်ကျော် | ကြည်း | ၆၃၆၆၂ |
| (၂၃၀) | ထက်စိုးဦး | ကြည်း | ၆၃၆၆၃ |
| (၂၃၁) | မင်းမြတ်ကျော် | ကြည်း | ၆၃၆၆၄ |
| (၂၃၂) | မြင့်သန်းဦး | ကြည်း | ၆၃၆၆၅ |
| (၂၃၃) | ဉက္ကာလွင် | ကြည်း | ၆၃၆၆၆ |
| (၂၃၄) | အောင်ဇင်တိုး | ကြည်း | ၆၃၆၆၇ |
| (၂၃၅) | ငြိမ်းဇော်ထွေး | ကြည်း | ၆၃၆၆၈ |
| (၂၃၆) | ဇေယျာထွန်း | ကြည်း | ၆၃၆၆၉ |
| (၂၃၇) | စိုးဇေယျာထွန်း | ကြည်း | ၆၃၆၇၀ |
| (၂၃၈) | ဘမြတ်ဆု | ကြည်း | ၆၃၆၇၁ |
| (၂၃၉) | မင်းကိုဦး | ကြည်း | ၆၃၆၇၂ |
| (၂၄၀) | ဟိန်းထက်ဦး | ကြည်း | ၆၃၆၇၃ |
| (၂၄၁) | ဉာဏ်ထက်အောင် | ကြည်း | ၆၃၆၇၄ |
| (၂၄၂) | ဟိန်းထက်အောင် | ကြည်း | ၆၃၆၇၅ |
| (၂၄၃) | အောင်မျိုးခိုင် | ကြည်း | ၆၃၆၇၆ |
| (၂၄၄) | တင်လင်းအောင် | ကြည်း | ၆၃၆၇၇ |
| (၂၄၅) | ဖြိုးကိုကို | ကြည်း | ၆၃၆၇၈ |
| (၂၄၆) | အောင်မျိုးထွန်း | ကြည်း | ၆၃၆၇၉ |
| (၂၄၇) | ဖြိုးကို | ကြည်း | ၆၃၆၈၀ |
| (၂၄၈) | ရဲကျော်ဦး | ကြည်း | ၆၃၆၈၁ |
| (၂၄၉) | ဇော်ရဲထွန်း | ကြည်း | ၆၃၆၈၂ |
| (၂၅၀) | ရဲမင်းသန့် | ကြည်း | ၆၃၆၈၃ |
| (၂၅၁) | အောင်ကျော်ဆန်း | ကြည်း | ၆၃၆၈၄ |
| (၂၅၂) | အောင်ဆန်းဦး | ကြည်း | ၆၃၆၈၅ |
| (၂၅၃) | မျိုးသူအောင် | ကြည်း | ၆၃၆၈၆ |
| (၂၅၄) | မင်းသန့်ထိုက် | ကြည်း | ၆၃၆၈၇ |
| (၂၅၅) | လှမျိုးနိုင် | ကြည်း | ၆၃၆၈၈ |
| (၂၅၆) | သန့်ဇော်လင်း | ကြည်း | ၆၃၆၈၉ |
| (၂၅၇) | ကျော်မျိုးအောင် | ကြည်း | ၆၃၆၉၀ |
| (၂၅၈) | ရှိန်းမင်းကျော် | ကြည်း | ၆၃၆၉၁ |
| (၂၅၉) | ကျော်ဇင်ဟိန်း | ကြည်း | ၆၃၆၉၂ |
| (၂၆၀) | စိုးသူအောင် | ကြည်း | ၆၃၆၉၃ |
| (၂၆၁) | ပိုင်ဘုန်းသူ | ကြည်း | ၆၃၆၉၄ |
| (၂၆၂) | နိုင်လင်းထွန်း | ကြည်း | ၆၃၆၉၅ |
| (၂၆၃) | လင်းထက်အောင် | ကြည်း | ၆၃၆၉၆ |
| (၂၆၄) | ပိုင်ထက်အောင် | ကြည်း | ၆၃၆၉၇ |
| (၂၆၅) | စန်းအောင်ရှိန် | ကြည်း | ၆၃၆၉၈ |
| (၂၆၆) | စိုးမင်းထွန်း | ကြည်း | ၆၃၆၉၉ |
| (၂၆၇) | စိုးထက်အောင် | ကြည်း | ၆၃၇၀၀ |
| (၂၆၈) | ကျော်သက်ငြိမ်း | ကြည်း | ၆၃၇၀၁ |
| (၂၆၉) | ချစ်ကိုကို | ကြည်း | ၆၃၇၀၂ |
| (၂၇၀) | အောင်ကျော်ထက် | ကြည်း | ၆၃၇၀၃ |
| (၂၇၁) | မင်းသူ | ကြည်း | ၆၃၇၀၄ |
| (၂၇၂) | ထွန်းလင်းအောင် | ကြည်း | ၆၃၇၀၅ |
| (၂၇၃) | စစ်ငြိမ်းဌေး | ကြည်း | ၆၃၇၀၆ |
| (၂၇၄) | ကျော်ဇင်လတ် | ကြည်း | ၆၃၇၀၇ |
| (၂၇၅) | နိုင်ထက် | ကြည်း | ၆၃၇၀၈ |
| (၂၇၆) | အောင်ဇင်ဖြိုး | ကြည်း | ၆၃၇၀၉ |
| (၂၇၇) | ပြည့်ဖြိုးဦး | ကြည်း | ၆၃၇၁၀ |
| (၂၇၈) | သန့်ဇင်အောင် | ကြည်း | ၆၃၇၁၁ |
| (၂၇၉) | ကျော်မျိုးထွန်း | ကြည်း | ၆၃၇၁၂ |
| (၂၈၀) | ဝေဖြိုးဟိန်း | ကြည်း | ၆၃၇၁၃ |
| (၂၈၁) | ဇော်လှိုင်မိုး | ကြည်း | ၆၃၇၁၄ |
| (၂၈၂) | ခိုင်ဇော်မိုး | ကြည်း | ၆၃၇၁၅ |
| (၂၈၃) | ဉက္ကာအောင် | ကြည်း | ၆၃၇၁၆ |
| (၂၈၄) | အောင်မျိုးဦး | ကြည်း | ၆၃၇၁၇ |
| (၂၈၅) | ကောင်းထွေးစံ | ကြည်း | ၆၃၇၁၈ |
| (၂၈၆) | စိုးထက်နိုင် | ကြည်း | ၆၃၇၁၉ |
| (၂၈၇) | အောင်ပြည့်ဖြိုး | ကြည်း | ၆၃၇၂၀ |
| (၂၈၈) | ညီဝဏ္ဏ | ကြည်း | ၆၃၇၂၁ |
| (၂၈၉) | ဟိန်းသီဟစိုး | ကြည်း | ၆၃၇၂၂ |
| (၂၉၀) | ထွန်းမြတ်ဝင်း | ကြည်း | ၆၃၇၂၃ |
| (၂၉၁) | ဇော်မျိုးမင်း | ကြည်း | ၆၃၇၂၄ |

| | | | |
|---|---|---|---|
| (၂၉၂) | အောင်နိုင်မင်း | ကြည်း | ၆၃၇၇၂၅ |
| (၂၉၃) | ဆန်းထူးမောင် | ကြည်း | ၆၃၇၇၂၆ |
| (၂၉၄) | ထွန်းငြိမ်းဇော် | ကြည်း | ၆၃၇၇၂၇ |
| (၂၉၅) | လင်းထက်ကျော် | ကြည်း | ၆၃၇၇၂၈ |
| (၂၉၆) | ကျော်စိုးအောင် | ကြည်း | ၆၃၇၇၂၉ |
| (၂၉၇) | ရဲထွန်း | ကြည်း | ၆၃၇၇၃၀ |
| (၂၉၈) | သန်းထိုက်အောင် | ကြည်း | ၆၃၇၇၃၁ |
| (၂၉၉) | စိုးဝင်းအောင် | ကြည်း | ၆၃၇၇၃၂ |
| (၃၀၀) | အောင်ကိုစန်းမင်း | ကြည်း | ၆၃၇၇၃၃ |
| (၃၀၁) | ရန်ငြိမ်းအောင် | ကြည်း | ၆၃၇၇၃၄ |
| (၃၀၂) | အောင်သန့်ဇင် | ကြည်း | ၆၃၇၇၃၅ |
| (၃၀၃) | မျိုးနိုင်ဦး | ကြည်း | ၆၃၇၇၃၆ |
| (၃၀၄) | အောင်သူရဟိန်း | ကြည်း | ၆၃၇၇၃၇ |
| (၃၀၅) | အောင်ကိုကို | ကြည်း | ၆၃၇၇၃၈ |
| (၃၀၆) | ကျော်မင်းထက် | ကြည်း | ၆၃၇၇၃၉ |
| (၃၀၇) | ရဲမင်းဦး | ကြည်း | ၆၃၇၇၄၀ |
| (၃၀၈) | အောင်ထက်ဇော် | ကြည်း | ၆၃၇၇၄၁ |
| (၃၀၉) | အောင်ကျော်ကျော်ထက် | ကြည်း | ၆၃၇၇၄၂ |
| (၃၁၀) | ဖြိုးဝေကျော် | ကြည်း | ၆၃၇၇၄၃ |
| (၃၁၁) | ဖြိုးသက်ကျော် | ကြည်း | ၆၃၇၇၄၄ |
| (၃၁၂) | မျိုးမင်းထွေး | ကြည်း | ၆၃၇၇၄၅ |
| (၃၁၃) | ချမ်းအေးနိုင် | ကြည်း | ၆၃၇၇၄၆ |
| (၃၁၄) | ကျော်မင်းဦး | ကြည်း | ၆၃၇၇၄၇ |
| (၃၁၅) | ရှိုင်းဝင်းထွန်း | ကြည်း | ၆၃၇၇၄၈ |
| (၃၁၆) | အေးမင်းဆွေ | ကြည်း | ၆၃၇၇၄၉ |
| (၃၁၇) | ဇော်မောင် | ကြည်း | ၆၃၇၇၅၀ |
| (၃၁၈) | ကျော်သက်ဦး | ကြည်း | ၆၃၇၇၅၁ |
| (၃၁၉) | သက်နိုင်ထွန်း | ကြည်း | ၆၃၇၇၅၂ |
| (၃၂၀) | ရှိုင်းသူအောင် | ကြည်း | ၆၃၇၇၅၃ |
| (၃၂၁) | ရဲမြတ်ဦး | ကြည်း | ၆၃၇၇၅၄ |
| (၃၂၂) | ရဲမင်းနိုင် | ကြည်း | ၆၃၇၇၅၅ |
| (၃၂၃) | ကျော်မင်းထက် | ကြည်း | ၆၃၇၇၅၆ |
| (၃၂၄) | ရန်လင်းအောင် | ကြည်း | ၆၃၇၇၅၇ |
| (၃၂၅) | အောင်ကျော်ဇော | ကြည်း | ၆၃၇၇၅၈ |
| (၃၂၆) | ဇော်လင်းထွန်း | ကြည်း | ၆၃၇၇၅၉ |
| (၃၂၇) | ဆန်းလွင် | ကြည်း | ၆၃၇၇၆၀ |
| (၃၂၈) | ဟန်စောထွန်း | ကြည်း | ၆၃၇၇၆၁ |
| (၃၂၉) | အောင်မြင့်မြတ် | ကြည်း | ၆၃၇၇၆၂ |
| (၃၃၀) | ဇော်သူလွင် | ကြည်း | ၆၃၇၇၆၃ |
| (၃၃၁) | ဖွဲ့မာန်အောင် | ကြည်း | ၆၃၇၇၆၄ |
| (၃၃၂) | ဇော်ဖြိုးအောင် | ကြည်း | ၆၃၇၇၆၅ |
| (၃၃၃) | စိန်သန်းကျော် | ကြည်း | ၆၃၇၇၆၆ |
| (၃၃၄) | ပြည့်ဖြိုးအောင် | ကြည်း | ၆၃၇၇၆၇ |
| (၃၃၅) | ရဲဇော်အောင် | ကြည်း | ၆၃၇၇၆၈ |
| (၃၃၆) | ဘိုဘိုဇော် | ကြည်း | ၆၃၇၇၆၉ |
| (၃၃၇) | အောင်မျိုးဦး | ကြည်း | ၆၃၇၇၇၀ |
| (၃၃၈) | ဉာဏ်လင်းကျော် | ကြည်း | ၆၃၇၇၇၁ |
| (၃၃၉) | ထူးအောင်လှိုင် | ကြည်း | ၆၃၇၇၇၂ |
| (၃၄၀) | ဆန်းထွဋ်ဝင်း | ကြည်း | ၆၃၇၇၇၃ |
| (၃၄၁) | ကောင်းမြတ်ဖုန်း | ကြည်း | ၆၃၇၇၇၄ |
| (၃၄၂) | ခွန်ဌေးလွင် | ကြည်း | ၆၃၇၇၇၅ |
| (၃၄၃) | ချစ်ကိုကို | ကြည်း | ၆၃၇၇၇၆ |
| (၃၄၄) | ဇော်ဇော်အောင် | ကြည်း | ၆၃၇၇၇၇ |
| (၃၄၅) | တင်စိုး | ကြည်း | ၆၃၇၇၇၈ |
| (၃၄၆) | အောင်သီဟထွန်း | ကြည်း | ၆၃၇၇၇၉ |
| (၃၄၇) | ဇော်မျိုးဦး | ကြည်း | ၆၃၇၇၈၀ |
| (၃၄၈) | ဇင်ထွဋ်လင်း | ကြည်း | ၆၃၇၇၈၁ |
| (၃၄၉) | နိုင်ထက်လင်း | ကြည်း | ၆၃၇၇၈၂ |
| (၃၅၀) | ဟိန်းသန်းအောင် | ကြည်း | ၆၃၇၇၈၃ |
| (၃၅၁) | ငြိမ်းချမ်းထက် | ကြည်း | ၆၃၇၇၈၄ |
| (၃၅၂) | ဇေယျာဦး | ကြည်း | ၆၃၇၇၈၅ |
| (၃၅၃) | ရဲမျိုးသူ | ကြည်း | ၆၃၇၇၈၆ |
| (၃၅၄) | အောင်မွန်ကျော် | ကြည်း | ၆၃၇၇၈၇ |
| (၃၅၅) | ကျော်ဝင်းမောင် | ကြည်း | ၆၃၇၇၈၈ |
| (၃၅၆) | ဖြိုးမြင့်မောင် | ကြည်း | ၆၃၇၇၈၉ |
| (၃၅၇) | ရန်အောင်မိုး | ကြည်း | ၆၃၇၇၉၀ |
| (၃၅၈) | ဖြိုးဇင်လင်းထက် | ကြည်း | ၆၃၇၇၉၁ |
| (၃၅၉) | ဟိန်းအာကာ | ကြည်း | ၆၃၇၇၉၂ |
| (၃၆၀) | ခန့်လင်းမောင် | ကြည်း | ၆၃၇၇၉၃ |
| (၃၆၁) | မျိုးဝေအောင် | ကြည်း | ၆၃၇၇၉၄ |
| (၃၆၂) | နိုင်ထွန်းအောင် | ကြည်း | ၆၃၇၇၉၅ |
| (၃၆၃) | ဇေယျဉာဏ် | ကြည်း | ၆၃၇၇၉၆ |
| (၃၆၄) | ရန်လင်းကို | ကြည်း | ၆၃၇၇၉၇ |
| (၃၆၅) | ဇော်နိုင်ထွန်း | ကြည်း | ၆၃၇၇၉၈ |
| (၃၆၆) | ဖြိုးမင်းခန့် | ကြည်း | ၆၃၇၇၉၉ |
| (၃၆၇) | အောင်ကိုဦး | ကြည်း | ၆၃၇၈၀၀ |
| (၃၆၈) | လွင်မျိုးဟန် | ကြည်း | ၆၃၇၈၀၁ |
| (၃၆၉) | သန့်စင်အောင် | ကြည်း | ၆၃၇၈၀၂ |
| (၃၇၀) | အောင်ကိုကို | ကြည်း | ၆၃၇၈၀၃ |
| (၃၇၁) | ဟိန်းဇော်ကို | ကြည်း | ၆၃၇၈၀၄ |
| (၃၇၂) | အောင်ငြိမ်းချမ်း | ကြည်း | ၆၃၇၈၀၅ |
| (၃၇၃) | ကောင်းဆက်စံ | ကြည်း | ၆၃၇၈၀၆ |
| (၃၇၄) | ဝေယံဖြိုးအောင် | ကြည်း | ၆၃၇၈၀၇ |
| (၃၇၅) | ဝင်းကိုကို | ကြည်း | ၆၃၇၈၀၈ |
| (၃၇၆) | ကောင်းစစ်နိုင် | ကြည်း | ၆၃၇၈၀၉ |
| (၃၇၇) | စိုင်းရဲလင်းနိုင် | ကြည်း | ၆၃၇၈၁၀ |
| (၃၇၈) | မြတ်ကိုကို | ကြည်း | ၆၃၇၈၁၁ |
| (၃၇၉) | ကျော်ကျော်အောင် | ကြည်း | ၆၃၇၈၁၂ |
| (၃၈၀) | ဟိန်းထက်အောင် | ကြည်း | ၆၃၇၈၁၃ |
| (၃၈၁) | ရဲဝင့်နောင် | ကြည်း | ၆၃၇၈၁၄ |
| (၃၈၂) | အေးကိုကို | ကြည်း | ၆၃၇၈၁၅ |
| (၃၈၃) | ရဲရင့်ထွန်း | ကြည်း | ၆၃၇၈၁၆ |
| (၃၈၄) | အာကာမျိုး | ကြည်း | ၆၃၇၈၁၇ |
| (၃၈၅) | အောင်မြင့်သူ | ကြည်း | ၆၃၇၈၁၈ |
| (၃၈၆) | ဝင်းမျိုးအောင် | ကြည်း | ၆၃၇၈၁၉ |
| (၃၈၇) | ဟိန်းမင်းဦး | ကြည်း | ၆၃၇၈၂၀ |
| (၃၈၈) | ဝင်းလွင်ဦး | ကြည်း | ၆၃၇၈၂၁ |
| (၃၈၉) | ကျော်သက်အောင် | ကြည်း | ၆၃၇၈၂၂ |
| (၃၉၀) | တိုးအောင်မော် | ကြည်း | ၆၃၇၈၂၃ |
| (၃၉၁) | ဝင်းမြင့်ဌေး | ကြည်း | ၆၃၇၈၂၄ |
| (၃၉၂) | သူလှိုင်ဦး | ကြည်း | ၆၃၇၈၂၅ |
| (၃၉၃) | ကျော်မျိုးအောင် | ကြည်း | ၆၃၇၈၂၆ |
| (၃၉၄) | သက်ဝေကျော် | ကြည်း | ၆၃၇၈၂၇ |
| (၃၉၅) | နိုင်လင်း | ကြည်း | ၆၃၇၈၂၈ |
| (၃၉၆) | ဖွဲ့ဆက်ပိုင် | ကြည်း | ၆၃၇၈၂၉ |

**[ ဆက်လက်ဖော်ပြပါမည်။ ]**

D:/Thazin/2013 Gazette/gazette (5) (II) 4

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


ရန်ကုန်မြို့ { ၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်
( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၄

မြန်မာနိုင်ငံကုမ္ပဏီအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြေညာစာ

**အဏ္ဏဝါရွှေ ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်**

**(ANNAWAR SHWE GEMS & JEWELLERY COMPANY LIMITED)**

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **အဏ္ဏဝါရွှေ ကျောက်မျက်ရတနာကုမ္ပဏီလီမိတက် (ANNAWAR SHWE GEMS & JEWELLERY COMPANY LIMITED)** အား (၁၀-၁-၂၀၁၃) ရက်နေ့မှစ၍ အစုဝင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းရန် အတည်ပြုဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်စန်းကြည် [B.Com (Q), C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၃ ခုနှစ်၊ မတ်လ (၁) ရက်နေ့ နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

Daw Sar Baw (a) May Whee
MANAGING DIRECTOR
ANNAWAR SHWE
GEMS & JEWELLERY CO., LTD

ဒေါ်စန်းကြည်
[B.Com (Q), C.P.A]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## EMERALD TRAVELS & TOURS CO., LTD

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈-ငအရ ဖျက်သိမ်းဆဲ **EMERALD TRAVELS & TOURS CO., LTD** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၁-၃-၂၀၁၃ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | (၀၉း၃၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | အမှတ်-၁၄၁/၁၄၅၊ ၄-လွှာ၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## MYANMAR COMPUTER CENTER ADVANCE SYSTEM AND TECHNOLOGY SERVICES CO., LTD

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈-ငအရ ဖျက်သိမ်းဆဲ **MYANMAR COMPUTER CENTER ADVANCE SYSTEM AND TECHNOLOGY SERVICES CO., LTD** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၁-၃-၂၀၁၃ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | (၁၁း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | အမှတ်-၁၄၁/၁၄၅၊ ၄-လွှာ၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## မြန်မာ့ပထမ သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်
## Myanmar First Mining Co., Ltd.

(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)
နောက်ဆုံးအစည်းအဝေးတက်ရောက်ရန်ဖိတ်ကြားခြင်း

**မြန်မာ့ပထမ သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက် (Myanmar First Mining Co., Ltd.)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၃ ခုနှစ်၊ မတ်လ (၁) ရက်နေ့၊ နံနက် (၁၀း၃၀) နာရီအချိန်တွင် No. 35/ B, Ou Yin Street, New University Avenue, Bahan Township, Yangon တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးဆန်းထွန်း
B.A, C.P.A, F.B.S.A
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## BRIGHT TRIPLE NINE CO., LTD
## တောက်ပသောကိုးသုံးလုံး ကုမ္ပဏီလီမိတက်

(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)
နောက်ဆုံးအစည်းအဝေးတက်ရောက်ရန်ဖိတ်ကြားခြင်း

**BRIGHT TRIPLE NINE CO., LTD တောက်ပသောကိုးသုံးလုံး ကုမ္ပဏီလီမိတက်**၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၃ ခုနှစ်၊ မတ်လ (၁) ရက်နေ့၊ နံနက် (၁၀း၃၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ ဝေဇယန္တာလမ်း၊ အမှတ် (၁၄၈) တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်အားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဒေါ်သန်းသန်းဆင့်
B.Com, C.P.A
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**THE NAWARAT HOTEL LIMITED**

Members Voluntary Winding-up

Under Myanmar Companies Act Section 203 and 206 (1)

At an Extra-ordinary General Meeting of the THE NAWARAT HOTEL LIMITED, duly convened on 10 January 2013, at No. 257, Insein Road, Hlaing Township, Yangon at 10:00 AM, the following resolutions were passed as Special Resolutions:

**SPECIAL RESOLUTIONS**

1. Resolved that the Company be and is hereby wound-up voluntarily, and
2. Resolved that U Kyi Tha Soe (B.Com. CPA, DMA, DBL, DA) of No.60, Yangon Insein Road, Kamayut Township, Yangon Region, the Republic of the Union of Myanmar be and is hereby appointed as Liquidator of the Company.

**NOTICE TO CREDITORS TO CLAIM DEBTS**

Take Notice that the creditors of the above named Company are required to send their names, addresses and the particulars of their debts or claims and the names and addresses of their attorneys, if any, to the undersigned Liquidator at address mentioned below in person or by their attorneys to come in and prove their said debts or claims on or before 8$^{th}$ March 2013 or in default thereof they will be excluded from the settlement of such debts and claims.

**By order of the Board**

U Aye Zaw Win
Director

U Kyi Tha Soe
Liquidator
No. 60, Yangon Insein Road,
Kamayut Township, Yangon Region

ပ၊ စ၊ လ - အမှတ် ၆၆၅/၁၂/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၄၀၀/၁-၂-၂၀၁၃။